ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်၊ အင်္ဂါနေ့၊ (18-9-2007) (၅၄၄၄)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ချီလီသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် စက်တင်ဘာ ၁၈

၂၀၀၇ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ကျရောက်သော ချီလီသမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ချီလီသမ္မတနိုင်ငံ သမ္မတ မစ်(စ)မီးရှဲလ် ဘာရှက်လက် ဟဲရီယာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# တပ်သားသစ်များစုဆောင်းရာတွင် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီဆောင်ရွက်နေ ဆန့်ကျင်ဘက်အဆိုးမြင်ဝါဒီများက မြန်မာ့တပ်မတော်တွင် ကလေးစစ်သည်များ အသုံးပြုနေသည်ဟု မဟုတ်မမှန် ဝါဒဖြန့်လျက်ရှိ အခြေအနေမှန်များကို သက်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများသို့ ဆက်လက်အသိပေးသွားရန်လို

နေပြည်တော် စက်တင်ဘာ ၁၇

**အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးနှင့် ပတ်သက်၍ အမျိုးသားအဆင့် စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံရေး ယန္တရားတစ်ရပ် ထူထောင်ရန် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻





**အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အရွယ်မရောက်သေးသူ ကလေးသူငယ်များ အား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးနှင့်ပတ်သက်၍ အမျိုးသားအဆင့် စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံရေး ယန္တရားတစ်ရပ် ထူထောင်ရန် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရေးအတွက် ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။**

(သတင်းစဉ်)

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး

✻ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး

✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး

✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

✻ ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး

✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

### ယနေ့မိုးလေဝသ ၁၈–၉–၂၀၀၇

**နေပြည်တော်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေး**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၁၈-၉-၂၀၀၇
(အင်္ဂါနေ့)

## တစ်မိုးနှစ်သီး ဒုတိယစပါး ဆက်လက်စိုက်ပျိုး

နိုင်ငံတော်က စိုက်ပျိုးရေရရှိရေး အပါအဝင် စိုက်ပျိုးရေးဆိုင်ရာ လိုအပ်ချက်များကို အစဉ်တစိုက် ဖြည့်ဆည်းပေးနေသည်။ နိုင်ငံတစ်ဝန်းတွင် ဆည်တမံ၊ ရေထိန်းတံခါး၊ ရေလွှဲဆည်စီမံကိန်း ၂၀၂ ခု တည်ဆောက်ပေးထားရာ စိုက်ပျိုးမြေများအနက် လယ်မြေဧက နှစ်သန်းကျော်၌ ဆည်ရေကို အသုံးပြုစိုက်ပျိုးလျက်ရှိသည်။

မိုးရေကို မျှော်ကိုးခဲ့ရသည့် မိုးနည်းရေရှားဒေသများတွင် ဆည်တမံများ၏ အကျိုးပြုမှုကြောင့် ဆည်ရေဖြင့် သီးနှံစိုက်ပျိုး အကျိုးဖြစ်ထွန်းနေကြသည်။ ထို့အတူ ရေထိန်းတံခါးများ တည်ဆောက်၍ ရေကို ထိန်းချုပ်သုံးစွဲလာနိုင်သဖြင့် ရေကြီးကွင်း ရေနက်ကွင်းများကို ဖော်ထုတ်စိုက်ပျိုးနေကြပြီဖြစ်သည်။

တောင်သူလယ်သမားများအနေဖြင့် တစ်ဧကအထွက်တိုးသီးနှံမျိုးကောင်းမျိုးသန့်များ၊ ခေတ်မီစိုက်ပျိုးရေး နည်းပညာများကို အသုံးပြု၍ သီးထပ်သီးညှပ် တိုးချဲ့စိုက်ပျိုးလာကြသည်။ သီးနှံစိုက်စွမ်းအား တိုးတက်ခြင်းနှင့် သီးနှံအလိုက် အထွက်နှုန်းမြင့်မားလာခြင်း အကျိုးရလဒ်ကောင်းများကို ရရှိခံစားနေကြရပြီဖြစ်သည်။

စပါးကို တစ်မိုးနှစ်သီး၊ မတ်ပဲ သို့မဟုတ် ပဲတီစိမ်းတစ်သီးနှင့် မိုးစပါး၊ ပဲအမျိုးမျိုး၊ နွေစပါး တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေး ကြိုးတင်ပြင်ဆင်လုပ်ကိုင်လျက်ရှိသည်။ မြစ်ရေကြီး ရေလွှမ်းခဲ့သော လယ်မြေများတွင် ဆေးပက်ဖျန်းခြင်း၊ အထွက်ကောင်း သက်လျင်မျိုးများ ပျိုးထောင်ခြင်း၊ တစ်ကွက်ပေါ်တစ်ကွက် ပြန်လည်စိုက်ပျိုးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ပြည်နယ်နှင့်တိုင်းဒေသအချို့တွင် ယခုနှစ် စိုက်ပျိုးရာသီ တစ်မိုးနှစ်သီး ပထမစပါးများကို ရိတ်သိမ်းခြွေလှေ့ပြီး ဒုတိယစပါးများကို ထွန်ယက်စိုက်ပျိုးနေကြောင်း တွေ့ရသည်။ စံပြစိုက်ကွင်းအချို့တွင် တစ်မိုးနှစ်သီး ပထမစပါးများကို ရိတ်သိမ်းစက်၊ ခြွေလှေ့စက်၊ အခြောက်ခံစက်များ၊ သဘာဝနေရောင်ခြည်သုံး စပါးအခြောက်လှန်းရုံ၊ စပါးအခြောက်ခံတဲများ အသုံးပြုလုပ်ကိုင်လျက်ရှိသည့်အပြင် ဒုတိယစပါးများကို လက်တွန်းထွန်စက်များဖြင့် ထွန်ယက်စိုက်ပျိုးလျက်ရှိသည်။

တောင်သူလယ်သမားများ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ စိုက်ပျိုးရေးကော်မတီများ ပေါင်းစည်းပြီး သီးထပ်သီးညှပ် သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ တစ်မိုးနှစ်သီး ဒုတိယစပါးများ ဆက်လက်စိုက်ပျိုးရေး လုပ်ငန်းများကို အချိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် လယ်ယာကဏ္ဍ သီးနှံထုတ်လုပ်မှုများ ပိုမိုတိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။ ။



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၉) မိုင် ပြည်လမ်းနေ ဒေါ်အုန်းမြင့်၊ ဒေါ်မီမီသန်း၊ ဒေါ်ယဉ်မေအောင်၊ ဒေါ်ချိုချို (မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)မှ အလှူငွေကျပ် ၁၅၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း သြဝါဒါစရိယဆရာတော် ဦးလက္ခဏာရှေ့မှောက်၌ တာဝန်ခံ(သဒ္ဓမ္မဇောတိကဓဇ) သီဟသုဓမ္မမဏိဇောတဓရ ရွှေမြင်တင် ဦးညိုထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

## ညောင်ကန်အေးသာသနာ့ရိပ်သာဘုံကထိန်

**ရန်ကုန် စက်တင်ဘာ ၁၇**

မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ၌ ဝါဆိုဝါကပ်တော်မူကြသော မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ညောင်ကန်အေး ဆရာတော် အမှူးပြုသော သံဃာတော် အရှင်မြတ်အပါး ၇၀ တို့အား(၁၃၆၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၉ ရက်) နိုဝင်ဘာ ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှစတင်၍ (၂၇)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ညောင်ကန်အေးသာသနာ့ရိပ်သာ၌ ကျင်းပမည်ဖြစ်ရာ စေတနာရှင်များအနေဖြင့် ကိုယ်တိုင်ပါဝင်လှူဒါန်းနိုင်ရန် ဖိတ်ကြားနိူးဆော်ထားသည်။(က-ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၇)ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

**မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး ၂၀၀၇ နှင့် ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂ ရက်တွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။**

**မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး ၂၀၀၇ နှင့် ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မွန်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သက်နိုင်ဝင်း အမှာစကားပြောကြားစဉ်။** (၁၀၇)







အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်းနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးမျိုးညွန့်နှင့် အလုပ်အမှုဆောင်များ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းစိန်နှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာအသင်းစည်းရုံးရေးမှူးများနှင့် အသင်းဝင် ကိုယ်စားလှယ်များ၊ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက အမှာစကားပြောကြားပြီး အလှူရှင်များထံမှ အလှူငွေများကိုလက်ခံကာ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မော်လမြိုင်မြို့နယ်ရှိကျောင်းများမှ အောင်ချက်အကောင်းဆုံးဆုရကျောင်းများနှင့်ခြောက်ဘာသာဂုဏ်ထူးရှင် ခြောက်ဦးတို့အား ဂုဏ်ပြုဆုနှင့် ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဝင်း၊ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်သိန်းဟန်၊ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းတို့ကငါးဘာသာဂုဏ်ထူးရှင်၁၃ဦးတို့အား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆုပေးပွဲအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက အစည်းအဝေး တက်ရောက်လာကြသူများအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အိတ်ဆောင်ကတ်နှင့် မှတ်စုစာအုပ်များကို တစ်ဦးချင်း ပေးအပ်သည်။

ယင်းနောက် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၇)ကို ကျင်းပရာ သဘာပတိ မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းစိန်က အမှာစကားပြောကြားပြီး အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးငယ်များအား အသိပညာပေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၁၇**

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အမျိုးသမီးငယ်များအား လွဲမှားသောအယူအဆမရှိစေရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီတွင် အထက-၃ မြသပြေခန်းမ၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်ပပဝင်းက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသမီးရေးရာ သက်ငယ်အဖွဲ့ဝင် အဆိုပြုလွှာ ၂၀၅၀ ကို လက်ခံရယူသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးဒေါ်ခင်ဝေက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာများဟောပြောပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ငြိမ်းအေးနှင့် ယဉ်ကျေးမှုတက္ကသိုလ်မှ လက်ထောက်ကထိက ဒေါ်ဝင်းကြည်တို့က အမျိုးသမီးငယ်များ လွဲမှားသောအယူအဆမရှိစေရေးအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ယဉ်ကျေးသိမ်မွေ့ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်၍ အားမာန်ပြည့်ဝသော မြန်မာအမျိုးသမီးလေးများဖြစ်စေရန် အသိပညာပေး ဟောပြောကြသည်။ (က-ပ)





## ရန်ကုန်တိုင်း (စည်ပင်ပြင်ပ)စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၇**

ရန်ကုန်တိုင်း (စည်ပင်ပြင်ပ) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ၁၂ မြို့နယ်မှ အသက် (၇၅)နှစ်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၆၃ ဦးသို့ ထောက်ပံ့ငွေ ပေးအပ်သည့် အခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် စုပေါင်းခန်းမ၌ ကျင်းပသည်။ အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း (စည်ပင်ပြင်ပ) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဦးစီးအရာရှိ (ပထမတန်း) စစ်ရေး ဒုတိယ ဗိုလ်မှူးကြီး မျိုးနိုင် တက်ရောက်ပြီး ထောက်ပံ့ငွေများကို ပေးအပ်သည်။ **(အပေါ်ပုံ)** ထောက်ပံ့ပေးအပ်ငွေ စုစုပေါင်းမှာ ကျပ် ၉၄၅၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်အတွက် ကော်မတီအနေဖြင့် တစိုက်မတ်မတ် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိ

*** ရှေ့ဖုံးမှ**

ရှေးဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်သည်အဖြစ် စုဆောင်းခြင်းကို ဟန့်တားကာကွယ်ရန်၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်ပေးရန်နှင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား အကာအကွယ်ပေးရေးဆိုင်ရာ အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာစေရန်တို့အတွက် မိမိဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခွင့်ရသော အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီကို ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း။

အဆိုပါ ကော်မတီသည် အသက်(၁၈)နှစ် မပြည့်သေးသူ ကလေးသူငယ်များအား လက်နက်ကိုင်တပ်ဖွဲ့များသို့ စုဆောင်းခြင်း မပြုစေရန်အတွက် တင်းတင်းကျပ်ကျပ် စိစစ်ရန်လုပ်ငန်းစီမံကိန်းကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း။

အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်ခြင်းကို စနစ်တကျကြီးကြပ်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများဖြစ်သော နိုင်ငံခြားရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ ပါဝင်သော လုပ်ငန်းအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ပါကြောင်း။

## ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိ

မိမိတို့အနေဖြင့် တပ်သားသစ်များ စုဆောင်းရာတွင် အရွယ်မရောက်သေးသော ကလေးသူငယ်များအား အတင်းအကျပ် တပ်သားသစ်များအဖြစ် စုဆောင်းခြင်းကို ကာကွယ်တားဆီးရန်၊ ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်နှင့် ယင်းသို့ ကာကွယ်စောင့်ရှောက်ရန်အတွက် ထုတ်ပြန်ထားသည့်အမိန့်၊ ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်အတွက် မိမိတို့ကော်မတီအနေဖြင့် တစိုက်မတ်မတ် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့တပ်မတော်အနေဖြင့် တပ်သားသစ်များကို စုဆောင်းရာတွင် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်နေသော်လည်း ပြည်တွင်း ပြည်ပ ဆန့်ကျင်ဘက် အဆိုးမြင်ဝါဒီများအနေဖြင့် မြန်မာ့တပ်မတော်တွင် ကလေးသူငယ်များရှိနေ သည်၊ ရှေ့တန်းစစ်ဆင်ရေးများတွင် ကလေးစစ်သည်များကို အသုံးပြုနေသည် စသည်ဖြင့် မဟုတ်မမှန် စွပ်စွဲပြီး မိမိတို့အား ဝါဒဖြန့် ထိုးနှက်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိနေကြကြောင်း။

အဆိုပါ စွပ်စွဲချက်များ မှန်ကန်မှုမရှိကြောင်းကိုလည်း မိမိတို့အနေဖြင့် သက်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်၍လည်း မိမိတို့ဆောင်ရွက်လျက်ရှိသည့် အခြေအနေမှန်များကို သက်ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများသို့ ဆက်လက်အသိပေးသွားရန်လိုကြောင်း။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂနှင့် အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အစဉ်အလာအရ ကုလသမဂ္ဂ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ဒုတိယအတွင်းရေးမှူးချုပ် မစ္စရာဒီကာ ကုမာရ်ဆွာမိ မြန်မာနိုင်ငံသို့ ၂၀၀၇ ခုနှစ် ဇွန် ၂၅ ရက်မှ ၂၉ ရက်အထိ လာရောက်ခဲ့သည့် ခရီးစဉ်တွင် မိမိနှင့်တွေ့ဆုံပြီး အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ အကြံပြုချက်များ ပေးသွားသည်များရှိကြောင်း၊ ကလေးသူငယ်စစ်သည်ကိစ္စနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်အား Focal Point အဖြစ် သတ်မှတ်ပေးခဲ့သဖြင့် လုပ်ငန်းများ ပိုပြင်စွာဆောင်ရွက်နိုင်တော့မည်ဟု ပြောကြားခဲ့ကြောင်း။

## သတ်မှတ်ပေးထား

ထို့အပြင် ကုလသမဂ္ဂဌာနေအဖွဲ့နှင့် ဆက်သွယ်ရာတွင် ပိုမိုလွယ်ကူထိရောက်စေရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အား Focal Point အဖြစ် သတ်မှတ်ပေးထားပြီးဖြစ်ကြောင်း။

ယခုမြန်မာနိုင်ငံက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်ကို ပိုမိုထိရောက်မှုရှိစေမည့် အမျိုးသားအဆင့် စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံစာ တင်သွင်းရေးယန္တရားတစ်ရပ် ထူထောင်ရေးအတွက် လုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများက ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး၊ ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေးနှင့် မိမိတို့၏ မှန်ကန်သောဆောင်ရွက်ချက်များကို နိုင်ငံတကာက သိမြင်နားလည်ပြီး အဖျက်အမှောင့်သမားများ၏ မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများ ပပျောက်သွားစေရေးတို့အတွက် သံတမန်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ အလုပ်သမားရေးရာကဏ္ဍနှင့် တပ်မတော်ဆိုင်ရာကဏ္ဍစသည့် သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ညွှန်ကြားစစ်ဆေးစီမံဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

**အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး၊ ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေးနှင့် မိမိတို့၏ မှန်ကန်သောဆောင်ရွက်ချက်များကို နိုင်ငံတကာက သိမြင်နားလည်ပြီး အဖျက်အမှောင့်သမားများ၏ မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများ ပပျောက်သွားစေရေးတို့အတွက် သံတမန်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ အလုပ်သမားရေးရာကဏ္ဍနှင့် တပ်မတော်ဆိုင်ရာကဏ္ဍ စသည့် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ညွှန်ကြားစစ်ဆေးစီမံဆောင်ရွက်နေ။**





# ရော်ဘာမျိုးသန့် အဖူးကူးသင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း (နှစ်ရှည်ပင်) ပြည်နယ်မန်နေဂျာရုံးမှ ရော်ဘာမျိုးသန့်ပင် ထုတ်လုပ်ရေး ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အဖူးကူးသင်တန်းကို လားရှိုးမြို့ မန်ပန်ပြည်သူ့စစ်တပ်ဖွဲ့၊ ရှမ်းရိုးမ အေးချမ်းရေး ကုမ္ပဏီရုံးခန်းမတွင် စက်တင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းသို့ ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှုအဖွဲ့ခေါင်းဆောင် ကုန်းမြင့်လယ်ယာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညိုဝင်း တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြည်နယ်တာဝန်ခံများ၊ မန်ပန်ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် လားရှိုးမြို့နယ် ကုန်းပေါင်း၊ မန်ပန်၊ မန်ပြိန်း၊ နမ့်ပေါင် ကျေးရွာများမှ ဒေသခံတိုင်းရင်းသား သင်တန်းသား ၃၅ ဦး တက်ရောက်ခဲ့ကြသည်။

**(အပေါ်ပုံ)**

ရော်ဘာ စိုက်ပျိုးရာသီကာလများတွင် ဇရိယာတိုးချဲ့ရေးအတွက် ပျိုးပင်အလုံအလောက်ရရှိရေး၊ ဈေးနှုန်းသက်သာရေး၊ ဒေသခံတိုင်းရင်းသားများကိုယ်တိုင် မျိုးထုတ်လုပ်ရောင်းချစိုက်ပျိုးနိုင်ရေးအတွက် ယင်းသင်တန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

## ပေးအပ်ခဲ့

နှစ်ရှည်ပင်ဌာနမှ နည်းပြဆရာ ဦးမင်းအောင်ဝင်း(ဒု-ကြီးမှူး)၊ ဦးမင်းဇော်(ဒုလ/ထကြီးမှူး)၊ ဦးဝင်းမင်းထိုက်(ဒုလ/ထ ကြီးမှူး)တို့က စာတွေ့ လက်တွေ့ ပို့ချပြသပေးခဲ့ပြီး ပြည်နယ်မန်နေဂျာ ဦးဝင်းလှိုင်ဦးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပေးအပ်

**လှိုင်မြို့နယ် အမှတ် (၂)ရပ်ကွက် သီရိလမ်းနေ ဖခင်ကြီး ဦးပညာသာမီနှင့် မိခင်ကြီး ဒေါ်သီရိခင်တို့အား ရည်စူး၍ ဂျာမန်ဘာသာ ဒေ့လ်မ်းညွှန် ဒေါ်ချိုချိုအေး (စာရေးဆရာမ မမြင့်ခိုင်)က စုစုပေါင်း ကြေးပြား ရှစ်ချပ် တန်ဖိုးငွေ ကျပ် ၂၀၀၀၀၀ ကို လှူဒါန်းရာ ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင် ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ) ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။**(က-ပ)





**ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ယဉ်ကျေးမှုဟောပြောပွဲနှင့် သက်ငယ်အဖွဲ့ဝင် အဆိုပြုလွှာ ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၂ ရက်က အထက(၁) ခန်းမတွင် ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သောင်းမြထံ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ညွန့်က သက်ငယ်အဖွဲ့ဝင် အဆိုပြုလွှာ ၃၀၀ ပေးအပ်စဉ်။**

(က-ပ)



အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့ အဝေးပြေးလမ်းမပေါ်တွင် ယာဉ်တစ်စီး တိုက်ခိုက်မှုခံရပြီးနောက် လုံခြုံရေး ဆောင်ရွက်နေသည်ကို စက်တင်ဘာ ၁၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုရေး စတော့ရှယ်ယာဈေးကွက် ကမ္ဘောဒီးယားထူထောင်မည်

**ဖနောင်ပင် စက်တင်ဘာ ၁၆**

ကမ္ဘောဒီးယား အစိုးရအဖွဲ့သည် လာမည့် နှစ်နှစ်အတွင်း စတော့ရှယ်ယာဈေးကွက်ထူထောင်ရန် စီစဉ်လျက်ရှိကြောင်း စက်တင်ဘာ ၁၄ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေရန် ဘဏ္ဍာရေးကဏ္ဍ၌ လိုအပ်နေသော စတော့ရှယ်ယာဈေးကွက်ကို ထူထောင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဟွန်ဆန်က ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည်တောင်ကိုရီးယားနိုင်ငံထံမှ ထောက်ပံ့ပေးသော ဒေါ်လာ ၁ ဒသမ ၈သန်းကို ရန်ပုံငွေအဖြစ် မတည်ကာ စတော့ရှယ်ယာဈေးကွက်ကို ထူထောင်မည်ဖြစ်သည်။ စတော့ရှယ်ယာဈေးကွက် ထူထောင်ခြင်းဖြင့် နိုင်ငံတွင်းရှိ စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေရန် အထောက်အကူ ပေးမည်ဖြစ်ကြောင်း ဟွန်ဆန်က ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် အာရှတွင် အလျင်မြန်ဆုံးနှုန်းဖြင့် စီးပွားရေးတိုးတက်နေသည့် နိုင်ငံဖြစ်သည်။ သို့ရာတွင် ကမ္ဘောဒီးယားနိုင်ငံသည် စီးပွားရေးရှင်သန်တိုးတက်လာစေရေးအတွက် ကမ္ဘာ့နိုင်ငံများမှ ထောက်ပံ့ပေးနေသည့် ငွေကြေးအကူ အညီများပေါ်တွင် မှီခိုအားထားနေရဆဲ ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးတည်ဆောက်မှုပုံစံကို တိုးတက်အောင် ပြုလုပ်သင့်ကြောင်း နိုင်ငံတကာ အလှူရှင် နိုင်ငံများက တိုက်တွန်းခဲ့ကြသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ပြည်ပပို့ကုန်ကို တိုးမြှင့်တင်ပို့လျက်ရှိသည်။ ပြည်ပပို့ကုန်တွင် အထည်အလိပ်တင်ပို့မှုသည် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ ကမ္ဘောဒီးယား နိုင်ငံသည် လွန်ခဲ့သည့်နှစ်က အထည်အလိပ်ထုတ်ကုန် အမေရိကန် ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံဖိုး တင်ပို့ ရောင်းချခဲ့သည်။ ယင်းမှာပြည်ပပို့ကုန် စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းခန့်ဖြစ်သည်။ **အင်တာနက်။**

# ဂျပန် အယ်လ်ဒီပီ ပါတီ ဥက္ကဋ္ဌသစ် ရွေးချယ်တင်မြှောက်မည်

**တိုကျို စက်တင်ဘာ ၁၆**

ဂျပန်နိုင်ငံ၏ အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (အယ်လ်ဒီပီ)သည် ပါတီဥက္ကဋ္ဌသစ်ရွေးချယ်နိုင်ရန် စက်တင်ဘာ ၂၃ ရက်၌ ရွေးကောက်ပွဲကျင်းပမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၅ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ရာထူးမှ နုတ်ထွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက စက်တင်ဘာ ၁၂ရက်တွင် ထုတ်ပြန်ကြေညာလိုက်ပြီးနောက် အာဏာရပါတီဥက္ကဋ္ဌအဖြစ် အာဘေး၏ အရိုက်အရာကိုဆက်ခံနိုင်ရန် ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်သည်။

အယ်လ်ဒီပီပါတီမှ အမတ်များ၏ အစည်းအဝေးကို ကျင်းပခဲ့ပြီးနောက် ပါတီဥက္ကဋ္ဌ ရွေးချယ်နိုင်ရေးအတွက် ရွေးကောက်ပွဲကျင်းပမည့် နေ့ရက်ကို သတ်မှတ်လိုက်ခြင်းဖြစ်သည်။ အဆိုပါ အစည်းအဝေးသို့ ဝန်ကြီးချုပ် အာဘေး တက်ရောက်ခဲ့ခြင်းမရှိပေ။ ယင်းမှာ ကျန်းမာရေးအခြေအနေအရဖြစ်သည်။

အယ်လ်ဒီပီပါတီ ဥက္ကဋ္ဌနေရာကို ဆက်ခံနိုင်သူများမှာ ယင်းပါတီ၏ အထွေထွေအတွင်းရေးမှူး တာရိုအဆို၊ ဝန်ကြီးအဖွဲ့ အတွင်းဝန်ဟောင်း ယာဆူအိုဖူကူဒါနှင့် ဘဏ္ဍာရေးဝန်ကြီး ဖူကူရှီကိုနူကာဂါတို့ ဖြစ်ကြောင်း မီဒီယာများက ထင်ကြေးပေး ရေးသားဖော်ပြသည်။ **အင်တာနက်။**



ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဆရိုဂွန်ချ်ခရိုင် ဒါကူးရီယားဒေသတွင် ရေကြီးနစ်မြုပ်နေသည်ကို စက်တင်ဘာ ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# မလေးရှားရောက် ကမ္ဘာလှည့်များ နေအိမ်များတွင် တည်းခိုနိုင်

**ကွာလာလမ်ပူ စက်တင်ဘာ ၁၆**

မလေးရှားနိုင်ငံသို့ လာရောက်သည့် ကမ္ဘာလှည့် ခရီးသည်များသည် နေအိမ်များတွင် တည်းခိုနေထိုင်နိုင်စေမည့် အစီအစဉ်တစ်ရပ်ကို ခရီးသွားလုပ်ငန်းဌာနက ဆောင်ရွက်မည်ဖြစ်ကြောင်း နယူးစထရိတ်တိုင်းမ်စ် သတင်းစာက စက်တင်ဘာ ၁၅ ရက်တွင် ရေးသားဖော်ပြသည်။

မလေးရှားခရီးသွားလုပ်ငန်းဌာနသည် ဒေသခံတို့နှင့် အတူတကွ နေထိုင်နိုင်ကာ အပန်းဖြေနိုင်မည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း အစီအစဉ် တစ်ရပ်ကို အကောင်အထည်ဖော်မည် ဖြစ်သည်။ ရှေ့ပြေးစီမံကိန်းတစ်ရပ်အရ မြို့တော်ကွာလာလမ်ပူရှိ သက်တမ်း အရင့်ဆုံး လူနေဒေသတစ်ခုတွင် ကမ္ဘာလှည့် ခရီးသည်များ တည်းခိုနိုင်စေရန် စီစဉ်ထားရှိပြီးဖြစ်ကြောင်း သတင်းစာတွင် ဖော်ပြသည်။

မလေးရှားနိုင်ငံ လွတ်လပ်ရေးရရှိမှုနှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်သစ်ကို အကောင်အထည်ဖော်မည် ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသည်များသည် မလေးရှားရိုးရာနေအိမ်များတွင် မိသားစုဝင်များနှင့်အတူ တည်းခိုနေထိုင်ကာ အပန်းဖြေနိုင်မည်ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသည်များသည် ရိုးရာနေအိမ်များတွင် အပန်းဖြေရင်း ရိုးရာအစားအသောက်များကို စားသောက်ကာ မလေးယဉ်ကျေးမှုနှင့် ထိတွေ့ခွင့်ရရှိမည်ဖြစ်သည်။ **အင်တာနက်။**

# ဇီဝမျိုးစုံလင်မှုအခြေအနေ အိန္ဒိယအစိုးရ အစီရင်ခံစာထုတ်ပြန်

**နယူးဒေလီ စက်တင်ဘာ ၁၆**

နိုင်ငံတော်၏ ဇီဝမျိုးစုံလင်မှု အခြေအနေနှင့်ပတ်သက်သည့် အစီရင်ခံစာကို အိန္ဒိယအစိုးရက စက်တင်ဘာ ၁၄ ရက်တွင် ထုတ်ပြန်လိုက်သည်။

## ဇီဝမျိုးစုံလင်

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ဇီဝမျိုးအစုံလင်ဆုံး နိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်ခံရသည်။ သို့ရာတွင် အိန္ဒိယနိုင်ငံသည် ပေါကြွယ်ဝသော ဇီဝမျိုးစိတ်များ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် လုပ်ဆောင်နိုင်ခြင်း မရှိသေးကြောင်း သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနကပြုစုသည့် ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံသည် ဇီဝမျိုးစုံလင်မှု ထိန်းသိမ်းရေး အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော်မည် ဖြစ်သည်။ ယင်းအစီအစဉ်အရ သစ်တောထိန်းသိမ်းရေးလုပ်ငန်းကို အလေးပေးဆောင်ရွက်မည်ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် သစ်တောနယ်မြေ ၄၁ရာခိုင်နှုန်းမှာ အတိုင်းအတာတစ်ခုအထိ ဆုတ်ယုတ်မှုဘက်သို့ ဦးတည်လျက်ရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဇီဝမျိုးစုံလင်မှုကို ထိန်းသိမ်းနိုင်ခြင်း မရှိပါက ဂေဟစနစ်ပျက်ယွင်းလာနိုင်ပြီး စားနပ်ရိက္ခာထုတ်လုပ်မှု ကျဆင်းလာနိုင်သည်။

## ဇီဝဘဏ်

အိန္ဒိယနိုင်ငံတွင် ဇီဝမျိုးစုံလင်မှုကို ထိန်းသိမ်းရာ၌ အထောက်အကူပြုစေရန် မျိုးဗီဇဘဏ်ကို ထူထောင်ဖွင့်လှစ်မည်ဖြစ်သည်။ **အင်တာနက်။**

# အင်ဒိုနီးရှား၌ သဘာဝကပ်ဘေး ကျရောက်မှု လူ့ပယောဂကြောင့် ဖြစ်ရဟုဆို

**ဂျကာတာ စက်တင်ဘာ ၁၆**

အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၀၆ခုနှစ်အတွင်း သဘာဝကပ်ဘေးဆိုက်ရောက်မှုအများအပြားဖြစ်ရခြင်းသည် လူ့ပယောဂကြောင့်ဖြစ်ရကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာန၏ အစီအရင်ခံစာကို ကိုးကား၍ ဂျကာတာပို့စ်သတင်းစာက စက်တင်ဘာ ၁၄ ရက်တွင် ရေးသားဖော်ပြသည်။

အင်ဒိုနီးရှား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၇၉ စာမျက်နှာပါ အစီရင်ခံတစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံတွင် အဆိုးရွားဆုံးသော သဘာဝကပ်ဘေးများအဖြစ် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပွားခဲ့ရကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ အရှေ့ဂျာဗားတွင် ရေနံနှင့်ဓာတ်ငွေ့တူးဖော်ရာမှ ရွှံ့ရေများပန်းထွက်သည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့သည်။ ဒေသအများအပြားတွင် ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့သည်။

၂၀၀၆ခုနှစ်သည် သဘာဝကပ်ဘေးဆိုက်ရောက်မှု အရေအတွက် ယခင်နှစ်များထက် ပိုမိုများပြားကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ရစ်ချ်မက်ဝီတိုလာက ပြောကြားသည်။

အင်ဒိုနီးရှားတွင် တောမီးလောင်ကျွမ်းခဲ့ရာမှ ဆူမတြားနှင့် ကာလီမန်တန်တို့တွင် မီးခိုးမြူများသိုင်းခြုံခဲ့ရသည်။ အိမ်နီးချင်း နိုင်ငံများတွင် အင်ဒိုနီးရှားနိုင်ငံဘက်မှ ပျံ့လွင့်လာသော မီးခိုးများကြောင့် လေထုအရည်အသွေး ကျဆင်းခဲ့ပြီး ပြည်သူများ၏ ကျန်းမာရေးထိခိုက်ခဲ့ရသည်။

အင်ဒိုနီးရှားနိုင်ငံမှ ပေါ်ထွက်ခဲ့သော မီးခိုးမြူသည် အိမ်နီးချင်း စင်ကာပူ၊ မလေးရှား၊ ဘရူနိုင်းနှင့် ထိုင်းနိုင်ငံတို့သို့ တိုင်အောင် ပျံ့လွင့်ရောက်ရှိခဲ့ကြောင်း၊ ပြီးခဲ့သည့် ဩဂုတ်လက တောမီးလောင်ကျွမ်းမှုအဆိုးရွားဆုံး အခြေအနေသို့ ရောက်ရှိခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ **အင်တာနက်။**



စင်ကာပူနိုင်ငံ မြစ်အတွင်း ပြုလုပ်သည့်ရန်ပုံငွေရှာပွဲတွင် လွှတ်မျှောလိုက်သော ရော်ဘာဘဲရုပ်ပေါင်း ၈၅၀၀၀ခန့်ကို စက်တင်ဘာ ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

## ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

# အာဖရိကတိုက်တွင် အမေရိကန်စစ်ဌာနချုပ် ဖွင့်လှစ်ရန် စီစဉ်

**ဝါရှင်တန် စက်တင်ဘာ ၁၆**

အာဖရိကတိုက်တွင် အမေရိကန်စစ်ဌာနချုပ်သစ်တစ်ခုကို ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း အမေရိကန်ကာကွယ်ရေး အထက်တန်းတာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။

အဆိုပါ စစ်ဌာနချုပ်သစ်တွင် အဓိကကျသည့် ဝန်ထမ်းများကိုသာ ထားရှိဦးမည်ဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ခြင်း ရှိဦးမည်မဟုတ်ကြောင်း၊ ဂျာမနီနိုင်ငံ စတုဂတ်မြို့ကို အခြေစိုက်၍ လုပ်ငန်းများ လုပ်ကိုင်သွားမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဒုတိယလက်ထောက်ဝန်ကြီး ရိုင်ယန်ဟင်နရီက ပြောကြားသည်။

စစ်ဌာနချုပ်သစ်အတွက် အာဖရိကတိုက်ရှိ မဟာမိတ်နိုင်ငံ ခြောက်နိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းကို တစ်နှစ်ကြာ ပြုလုပ်ရန် လိုအပ်ကြောင်း ဟင်နရီက ပြောကြားသည်။

**မူဝါဒမပြောင်း**

စစ်ဌာနချုပ်သစ် ဖွင့်လှစ်မည်ဖြစ်သော်လည်း စစ်စခန်းသစ်များ တည်ဆောက်ဦးမည် မဟုတ်ကြောင်း၊ အောက်တိုဘာလတွင် ပြင်ဆင်မှုလုပ်ငန်းများ စတင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့သည် အာဖရိကတိုက်နှင့်ပတ်သက်၍ မူဝါဒပြောင်းလဲခြင်း မရှိကြောင်း ၎င်းက ပြောကြားသည်။

**အရေးပါ**

အာဖရိကတိုက်ဆိုင်ရာ စစ်ဌာနချုပ်သစ်သည် အယ်လ်ခိုင်ဒါနှင့် မဟာမိတ်ပြုထားသော စစ်သွေးကြွအုပ်စုများ အာဖရိကနိုင်ငံများ၌ ခိုလှုံနိုင်ခြင်း မရှိစေရန် လုပ်ဆောင်ရာတွင် အရေးပါမည်ဟု အမေရိကန် အစိုးရက ပြောကြားထားသည်။ ***အင်တာနက်။***



အီရန်နိုင်ငံ တီဟီရန်မြို့ တောင်ဘက်တွင် တည်ဆောက်နေသော ဘာရှားယား အဏုမြူဓာတ်အားပေး စက်ရုံကို တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

# ဝါရှင်တန်တွင် အီရတ်စစ်ပွဲဆန့်ကျင်ဆန္ဒပြ

**ဝါရှင်တန် စက်တင်ဘာ ၁၆**

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင် ထောင်နှင့်သောင်းနှင့်ချီ၍ ရှိသော လူအုပ်ကြီးသည် အမေရိကန်တို့ ဆင်နွှဲလျက်ရှိသော အီရတ်စစ်ပွဲကို အဆုံးသတ်ပေးရန် စက်တင်ဘာ ၁၅ ရက်က ဆန္ဒပြကန့်ကွက်ခဲ့ကြသည်။

"စစ်ရပ်စဲပေး"ဟု ရေးသားထားသည့် စာသားပါရှိသော အဝါနှင့်အနက်ရောင် ဆိုင်းဘုတ်များကို ကိုင်ဆောင်ထားသည့် ဆန္ဒပြသူများသည် သမ္မတ၏ အိမ်ဖြူတော်အနီး၌ နံနက်ပိုင်းတွင် စုရုံးခဲ့ကြသည်။ အိမ်ဖြူတော်အနီး လာဖက်ယက်တီးပန်းခြံတွင် ဟောပြောပွဲများ ကျင်းပရာ ဟောပြောသူ နှစ်ဒါဇင်ခန့် တက်ရောက်ဟောပြောခဲ့ကြသည်။

ဆန္ဒပြသူများသည် ညနေ ၃ နာရီခန့်တွင် ကက်ပီတော်လ်အဆောက်အအုံဆီသို့ ချီတက်ခဲ့ကြသည်။ ထိုအဆောက်အအုံကို ကာရံထားသော ခါးလယ်လောက်မြင့်သည့်တံတိုင်းကို ဆန္ဒပြသမားများကကျော်တက်ရန် ကြိုးစားကြသည့် အတွက် ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ရသည်။

***အမ်အေအေ၊ဆင်ဟွာ။***

# ကြေးမုံ နိုင်ငံတကာသတင်းများ

# ပါလက်စတိုင်းဒေသတွင် ရှေးဟောင်းပျားအုံများ ရှာဖွေတွေ့ရှိ

**ဂျေရုဆလင် စက်တင်ဘာ ၁၆**

ပါလက်စတိုင်းဒေသ မြောက်ပိုင်းတွင် ရှေးဟောင်းပျားအုံများကို ရှာဖွေတွေ့ရှိရကြောင်း စက်တင်ဘာ ၁၆ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ရှေးဟောင်းသုတေသန ပညာရှင်များသည် ပါလက်စတိုင်းဒေသ မြောက်ပိုင်း ရီဟော့မြို့တွင် သက်တမ်းနှစ်ပေါင်း ၃၀၀၀ ရှိ ရှေးဟောင်းပျားအုံများကို ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းဒေသတွင် ရှေးဟောင်းပျားအုံများကို ရှာဖွေတွေ့ရှိရခြင်းမှာပထမဆုံးအကြိမ်ပင်ဖြစ်ကြောင်း အစ္စရေးနိုင်ငံမြို့တော် ဂျေရုဆလင်ရှိ ဟီဘရူးတက္ကသိုလ်မှ ရှေးဟောင်းသုတေသနပညာရှင် အေမီဟေးက ပြောကြားသည်။ တွေ့ရှိရသော ရှေးဟောင်းပျားအုံများမှာ အရေအတွက် ၃၀ ရှိပြီး ဘီစီ ၉၀၀ ဝန်းကျင်က တည်ရှိခဲ့သည့် ပျားအုံများဖြစ်ကြောင်း၊ ယင်းပျားအုံများသည် မပျက်မစီးဘဲ တည်ရှိနေကြောင်း ၎င်းက ပြောကြားသည်။

***အင်တာနက်။***



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို စက်တင်ဘာ ၁၆ ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

# တူရကီတွင် ဆေးခြောက် ၁ ဒသမ ၃ တန်ဖမ်းဆီးရမိ

**အန်ကာရာ စက်တင်ဘာ ၁၇**

တူရကီလုံခြုံရေးတပ်ဖွဲ့ဝင်များက တူရကီနိုင်ငံအရှေ့ပိုင်း ဗန်မြို့တွင် လုံခြုံရေးလှုပ်ရှားမှုများ ပြုလုပ်စဉ်အတွင်း ဆေးခြောက် ၁ ဒသမ ၃ တန် သိမ်းဆည်းခဲ့ကြောင်း အနာတိုလီသတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။

အဆိုပါလုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းအရ ဗန်မြို့နယ်အတွင်းရှိ အာကွန်နဂျီနှင့် ယူကာရီကူမီ ကျေးရွာတို့မှ အိမ်အချို့ကို ရှာဖွေခဲ့ရာ ဆေးခြောက်အများအပြား ဖမ်းဆီးရရှိခဲ့ခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်မှုဖြင့် ဆက်နွှယ်၍ လူခြောက်ဦးကို ၎င်းတပ်ဖွဲ့ဝင်များက အလိုရှိနေသည်ဟု သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ယင်းပြည်နယ်တွင် လွန်ခဲ့သည့်တစ်နှစ်အတွင်း ဆေးခြောက်တန်ချိန် ၅ ဒသမ ၇ တန်နှင့် ဘိန်းဖြူ ၁ ဒသမ ၃ တန် သိမ်းယူခဲ့ပြီး ၅၇ ဦး ဖမ်းဆီးခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အမေဇုန်စာအုပ်တိုက် အီလက်ထရွန်နစ် စာဖတ်စက် ဖြန့်ချိမည်

**လန်ဒန် စက်တင်ဘာ ၁၆**

အင်တာနက်မှတစ်ဆင့် စာအုပ်များရောင်းချပေးလျက်ရှိသော အမေဇုန်စာအုပ်တိုက်သည် စာပေဖတ်ရှုနိုင်သော အီလက်ထရွန်နစ်စက်ကိရိယာတစ်မျိုးကို ဖြန့်ချိပေးတော့မည်ဖြစ်ကြောင်း စက်တင်ဘာ ၁၆ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။ ဝိုင်ယာလက်အီလက်ထရွန်နစ်စာဖတ်စက်သည် ယနေ့ကာလတွင် ရေပန်းစားနေသော အိုင်ပေါ့ဒ် (iPod) သီချင်းဖွင့်စက်နှင့် အလားသဏ္ဍာန်တူညီမည်ဖြစ်သည်။

အမေရိကန်နိုင်ငံတွင် မကြာသေးမီက ဆိုနီကော်ပိုရေးရှင်းက တီထွင်ထုတ်လုပ်ထားသော e Book Reader အမည်ရှိ စာဖတ်စက်ကို ဖြန့်ချိခဲ့သည်။ ဗြိတိန်နိုင်ငံရှိ အမေဇုန်စာအုပ်တိုက်၏ အီလက်ထရွန်နစ်စာဖတ်စက်ကိုမူ လာမည့်လ လဆန်းပိုင်းတွင် ဖြန့်ချိပေးနိုင်မည်ဟု မျှော်လင့်ရသည်။

***အင်တာနက်။***

# ဒါဖာဒုက္ခသည်များကို အစ္စရေးလက်မခံ

**ကိုင်ရို စက်တင်ဘာ ၁၆**

အီဂျစ်နိုင်ငံ နယ်စပ်ဒေသမှတစ်ဆင့် ခိုးဝင်လာခဲ့သော ဒါဖာဒုက္ခသည်များကို အစ္စရေးနိုင်ငံက လက်ခံခြင်း မရှိကြောင်း စက်တင်ဘာ ၁၆ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဆူဒန်နိုင်ငံ ဒါဖာဒေသမှ ဒုက္ခသည်များသာမက အာဖရိကနိုင်ငံများမှ ဒုက္ခသည်များ ဝင်ရောက်လာနေသည့် ပြဿနာကို ဖြေရှင်းနိုင်ရန် အစ္စရေးအစိုးရက နည်းလမ်းရှာကြံလျက်ရှိသည်။ ဒုက္ခသည်များသည် သဲကန္တာရနယ်စပ်ဒေသတွင် လုံခြုံရေးကျိုးပေါက်နေမှုကို အခွင့်ကောင်းယူကာ ခိုးဝင်နိုင်ခဲ့ခြင်းဖြစ်သည်။

***အင်တာနက်။***



တရုတ်နိုင်ငံ ဟူနန်ပြည်နယ်တွင် လေတွင်ပျံဝဲနိုင်သည့် ငှက်လူသားပြိုင်ပွဲကျင်းပနေသည်ကို စက်တင်ဘာ ၁၅ ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

# ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်း ဆွစ်ဇာလန်မြှင့်တင်ရန် လိုအပ်

**ဂျီနီဗာ စက်တင်ဘာ ၁၆**

ဆွစ်ဇာလန်နိုင်ငံတွင် လွန်ခဲ့သည့်လများအတွင်း ဝက်သက်ကူးစက်ရောဂါ ပျံ့နှံ့လာကြောင်း၊ ဝက်သက်ကာကွယ်ဆေးထိုးမှု လုပ်ငန်းကို မြှင့်တင်ရန် လိုအပ်မည်ဖြစ်ကြောင်း ကျွမ်းကျင်သူပညာရှင်များက စက်တင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

**ကာကွယ်ဆေးထိုး**

ဆွစ်ဇာလန်အလယ်ပိုင်းဒေသများသည် ဝက်သက်ရောဂါဖြစ်ပွားမှု အများဆုံးဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံတွင် ကလေး ၈၆ ရာခိုင်နှုန်းမှာ ဝက်သက်ရောဂါကာကွယ်ဆေးထိုးထားပြီးဖြစ်သည်။ ကာကွယ်ဆေးထိုးမှု လုပ်ငန်းမှာ တိုးတက်မှုများရှိသော်လည်း ပြည်သူများအတွင်း ယင်းဆေး၏ ဆင့်ပွားအကျိုးဆက်ကို စိုးရိမ်သူများရှိခြင်းကြောင့် ကာကွယ်ဆေးမထိုးဘဲနေသူများရှိကြောင်း ကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ ဆီးဂရစ်က ပြောကြားသည်။ ဆွစ်ဇာလန်နိုင်ငံတွင် ယခုနှစ်အတွင်း ကလေး ၆၀၀ ကျော်မှာ ဝက်သက်ရောဂါ ခံစားကြရသည်။ ***အင်တာနက်။***

# မြန်မာကိုချစ်သော မြန်မာတို့၏ အောင်ပွဲ

နေဝင်းထွေး




ပင်ကိုက သိပ်ပြီးဝါသနာမပါလှသဖြင့် ဘောလုံးပွဲများဆိုလျှင် မကြည့်ခဲ့တာများသည်။ သို့သော် စနေနေ့ ရုံးပိတ်ရက်လည်းဖြစ်၊ ထူးခြားလုပ်စရာအလုပ်ကလည်းမရှိသောကြောင့် တီဗွီရှေ့တွင် ထိုင်လိုက်မိသည်။ ၎င်းနောက် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်ကို ဖွင့်ကြည့်လိုက်ရာ ၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံ တံခွန်စိုက်အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်လာနေသဖြင့် အပျင်းပြေ ကြည့်လိုက်မိသည်။

မိမိက ဝါသနာမပါသော်လည်း ဝါသနာရှင်များ သုဝဏ္ဏ အားကစားကွင်း၏ လေးဘက်လေးတန်မှာ ပြည့်ကျပ်နေသည်ကို တွေ့လိုက်ရရာ ဘောလုံးအားကစားသည် မြန်မာနိုင်ငံတွင်မှ မဟုတ် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများကပါ စွဲလမ်းနှစ်ခြိုက်သော အားကစားဖြစ်သည်ဆိုသောအချက်ကို ပြန်သတိပြုမိသည်။ ဘောလုံးကို အားကစားတစ်ခုအနေဖြင့် ယှဉ်ပြိုင်ကြသည် မှန်သော်လည်း နိုင်ငံ့ဂုဏ်၊ နိုင်ငံ၏ အဆင့်အတန်းကို မြှင့်တင်ပေးသော အားကစားနည်းကို ပြပါဆိုလျှင် ဘောလုံးအားကစားနည်းသည် ထိပ်ဆုံးမှပဲ ပြောရမလောက်ပင်။ ဘောလုံးပွဲအောင်မြင်မှုက နိုင်ငံ၏သိက္ခာကို တက်စေနိုင်သည်ဆိုသောအချက်ကိုလည်း လက်ခံထားသည်။

ဤသို့ဖြင့် အပျင်းပြေလည်းဖြစ်၊ မြန်မာအမျိုးသမီး အားကစားသမားများ ယှဉ်ပြိုင်သောပွဲလည်းဖြစ်သဖြင့် ဘောလုံးပွဲကို ကြည့်ဖြစ်သွားတော့သည်။ ပွဲ၏အစပိုင်းတွင် ထိုင်းအသင်းက မိမိတို့ အသင်းကို ဖိကစားနေသဖြင့် စိတ်ထဲတွင် အားမလိုအားမရ ဖြစ်မိသည်။ ဒုတိယပိုင်းတွင် မိမိတို့မြန်မာအသင်းက ထိုးဖောက် ကစားသဖြင့် ထိုင်ခုံပေါ်တွင်ပင် ဣန္ဒြေရရ မထိုင်နိုင်တော့ဘဲ ဖင်တကြွကြွ ဖြစ်လာသည်။ မိနစ် ၉၀ အပြည့်ကစားပြီးချိန်အထိ ဂိုးမသွင်းနိုင်ဘဲ သရေကျသဖြင့် ရင်ထဲမှာ ဟာတာတာကြီး ဖြစ်သွားတော့သည်။ ဒါဆိုလျှင် အချိန်ပိုကစားရတော့မည်။ ဘောလုံးဝါသနာအိုးများ တင်စားပြောသော စကားတစ်ခွန်းကို သတိရလိုက်ပြန်သည်။ တစ်စုံတစ်ရာ မသေချာနိုင်ဟု ပြောလိုလျှင် "ဘောလုံးဟာ လုံးတယ်နော်"ဟု ပြောကြသည်။ စိတ်ထဲမှာ မြန်မာအသင်း ကို နိုင်စေချင်စိတ်က တအားလွှမ်းမိုးနေပြီ။

ခါတိုင်း ထမင်းအစောကြီးစားတတ်သောမိမိ ထမင်းကိုမေ့နေပြီ။ အချိန်ပိုကို စောင့်ကြည့်ရဦးမည်။ သို့ဖြင့် အချိန်ပိုတွင် မြန်မာနှင့်ထိုင်း တစ်ဂိုးစီသရေဖြစ်ပြန်၏။ အများပြောသလို ဘောလုံးပွဲက မိမိကို ကိုက်ပြီထင်သည်။ ခါတိုင်း "ယောကျ်ားထမင်းစားတော့မလား"ဟု မေးတတ်သော မိန်းမ၊ ဒီနေ့မှ သူလည်း ထူးထူးခြားခြား ယောကျ်ား ဖြစ်သူဘေးမှာ ငုတ်တုတ်။ နှစ်ဖက်အသင်း အင်ပြည့်အားပြည့် ယှဉ်ပြိုင်ရန် အခွင့်အရေးမရှိတော့။ ပယ်နယ်တီဖြင့် အဆုံးအဖြတ် ရယူတော့မှာ ဖြစ်သည်။

မိမိ သိရှိထားသလောက်ဆိုလျှင်လည်း ပယ်နယ်တီဆိုသည်မှာ ဂိုးသမားနှင့် တစ်ယောက်ချင်း၊ အနှောင့်အယှက်ကင်းမဲ့စွာ ကန်သွင်းရသော ဘောလုံးဖြစ်သဖြင့် မဂိုးမရှိ ဂိုးဖို့က ရာခိုင်နှုန်းပြည့်နီးပါးဖြစ်သည်။

**ကွင်းထဲတွင် အမှန်တကယ် ဝင်ရောက်ယှဉ်ပြိုင်နေသော အားကစားသမားမဆိုထားနှင့် ဝါသနာမပါသည့် မိမိကိုယ်တိုင်ပင်လျှင် ထိုင်ခုံကို ရှေ့သို့ဆွဲယူကာ တီဗွီထဲဝင်သွားမလောက် ထင်ရအောင် အနီးကပ်ကြည့်လိုက်မိသည်။ ထို့အတူ စိတ်အစဉ်မှာ ထိုင်းအသင်း ကန်သွင်းမည့် ဘောလုံးကို မိမိဖမ်းရမည်ကဲ့သို့ စိတ်တအား လှုပ်ရှားနေမိသည်။**

**ဘာကြောင့် ဤသို့ဖြစ်ရသနည်း။ ဝါသနာအရင်းခံမရှိဘဲ ဘာကြောင့် ဒီလောက်စိတ်လှုပ်ရှားနေရသနည်းဟု မိမိကိုယ်မိမိ ပြန်လည်ဆန်းစစ်သောအခါ အဖြေကိုသွားတွေ့သည်။ အဓိကအကြောင်းရင်းမှာ ကိုယ်တွင်း၌ ကိန်းအောင်းနေသော မိမိနိုင်ငံကိုချစ်စိတ်၊ မိမိနိုင်ငံအသင်းကို ချန်ပီယံဆုရစေလိုစိတ်ကြောင့်ဖြစ်သည်။**

ဤစိတ်ကို လာအနှောင့်အယှက်ပေးနေသည်က ပယ်နယ်တီဟူသည် ကန်သွင်းသမျှ ဝင်တတ်သည်ဆိုသော သဘောတရားနှင့် ထိုင်းအသင်း၏ ကန်ချက်များကို မြန်မာဂိုးသမားက ကာကွယ်နိုင်ပါ့မလားဟူသော အကြောင်းအချက်ပင်ဖြစ်သည်။

ပထမဆုံးဘောလုံးကို မြန်မာက ဦးစွာကန်သွင်းသည်။ ဂိုးပါသည်။ ထို့နောက် ထိုင်းကတစ်လှည့် ပြန်ကန်သွင်းသည်။ ဂိုးပါသည်။ ရင်ထဲတွင် တဒိတ်ဒိတ်ခုန်လာသည်။ ထို့နောက် ဒုတိယမြောက်ဘောလုံးကို မြန်မာအသင်းက ကန်သွင်းသည်။ ဂိုးသည်။ ၎င်းနောက် ထိုင်းဘက်က အသေ အချာ ချိန်ရွယ်ကန်သွင်းသည်။ မြန်မာဂိုးသမား သပ်သပ်ရပ်ရပ်နှင့် မလွတ်တမ်း ဖမ်းမိလိုက်သည်။ ဘောလုံးသည် လုံးပါသည်။ အသေအချာပင်လုံးပါသည်။ ယုံသွားပါပြီ။ စိတ်ထဲဝမ်းသာလွန်းသဖြင့် ထခုန်လိုက်ရာ ခုံပေါ်မှ ပြုတ်ကျသည်။ ဘောလုံးပွဲ ဝါသနာမပါသည်ကို သိထားသော မိမိဇနီး အလွန်အင်မတန် အံ့ဩလှသောမျက်နှာပေးနှင့် မော့ကြည့်နေသည်။ နှုတ်ကတော့ ဘာမျှမပြော။ သို့သော် သူ့မျက်ဝန်းတွင်လည်း ဝမ်းသာပျော်ရွှင်မှု အရိပ်အယောင်ကို ရုတ်တရက် ရှာဖွေတွေ့ရှိလိုက်သည်။

တတိယမြောက်ဘောလုံးကို မြန်မာကကန်သွင်းသည်။ ဂိုးသည်။ ထိုင်းဘက်က တိုက်စစ်မှူး သွင်းတော့မည်။ ဘောလုံးပွဲကြေညာသူက

**မြန်မာအမျိုးသမီးဘောလုံးအသင်း အနိုင်ရဗိုလ်စွဲစေရန် မြန်မာဘောလုံးပရိသတ်များက တစ်ခဲနက်အားပေးခဲ့ကြစဉ်။**

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)




တိုက်စစ်မှူးသည် ဂိုးသွင်းရာတွင် တိကျသည်၊ သေချာသည်ဟု ကြေညာတော့ စိတ်ထဲမှာတင်းကျပ်လာသည်။ စိတ်ထဲကလည်း ထိုင်းအသင်း သွင်းမည့် အချိန်တွင် "ဘောလုံးဟာပြားပါစေ၊ ပြားပါစေ"ဟု ရွတ်နေမိသည်။ မိမိပဲဆုတောင်းကောင်းသလား။ သူတို့ပဲကံခေသလားမသိ။ ဘောလုံးမှာ ဘားတန်းကျော်သွား၍ မြန်မာဂိုးသမား ဖမ်းပင်မဖမ်းလိုက်ရ။ မြန်မာဂိုးသမားပျော်ရွှင်သဖြင့် ခုန်ပေါက်နေသည်။ မိမိလည်း ဘောလုံးကွင်းထဲရှိပါက သူ့လိုပင် ခုန်ပေါက်နေမိမည်ဖြစ်သည်။ ယခုတော့ အိမ်ထောင်ဦးစီးဖြစ်နေ၍ ဣန္ဒြေသိက္ခာနှင့် ထိုင်နေလိုက်ရသော်လည်း ရင်ထဲတွင်တော့ ဝမ်းသာပီတိဂွမ်းဆီထိသလိုဖြစ်နေသည်။

ကြေညာသူက ဒီတစ်လုံးကတော့ အဆုံးအဖြတ်ပဲဖြစ်ပါတယ်ဟု ကြေညာချိန်မှာ မြန်မာအသင်းကကန်သွင်းသည်။ ထိုင်းဂိုးသမား မဖမ်းနိုင်တော့။ ဂိုးသွားသည်။ ဒီတစ်ခါတော့အိမ်ထောင်ဦးစီးဆိုသော ဣန္ဒြေတွေ၊ သိက္ခာတွေ၊ ဟန်တွေ၊ ပန်တွေ မဆောင်နိုင်တော့ပြီ။ စိတ်လွတ်လက်လွတ်ထခုန်ပစ်လိုက်သည်။ ဇနီးသည်ပြောချင်လည်းပြောစေတော့။

သို့သော် ဇနီးသည်ကား ယခုအချိန်မှာ ဘာမှမပြောတော့။ အဘယ်ကြောင့်ဆိုသော် ၎င်းကိုယ်တိုင်က မြန်မာနိုင်၍ ပျော်ရွှင်မြူးထူးကာ အားရပါးရလက်ခုပ်တီးနေပြီဖြစ်သည်။ ကျွန်တော်တို့အပျော်က ဒီမှာမရပ်။ တီဗွီကိုဆက်ကြည့်နေရာ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✳

**စေ့စေ့တွေးလိုက်တော့ မြန်မာတိုင်းရင်းသားအားလုံးသည် အမျိုး ပျောက်မှာစိုးကြောက်ကြသူများချည်းဖြစ်ပါသည်။ အမျိုးစစ်၍လည်း အမျိုးကို ချစ်ကြသူများဖြစ်ပါသည်။ ဤဘောလုံးပွဲမှ လှစ်ဟပြသ လိုက်သည့် မျိုးချစ်စိတ်ဓာတ်ကား ‘ငါကမျိုးချစ်စိတ်ဓာတ်အပြည့်နဲ့ကွ’ ဟု ထုတ်ဖော်ပြောစရာမလိုလောက်အောင် ပြည့်စုံသွားခဲ့ပါသည်။ ဘောလုံးပွဲ လေးတစ်ပွဲကိုတောင် မြန်မာလူထုက နိုင်စေလိုလျှင် မြန်မာနိုင်ငံ၏ ပွံ့ဖြိုးရာပွံ့ဖြိုးကြောင်း၊ တိုးတက်ရာတိုးတက်ကြောင်းကို ဘယ်သူ မဖြစ်စေချင်ဘဲ နေပါ့မလဲဟု ဆိုချင်ပါသည်။**

**✳ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

သုဝဏ္ဏအားကစားကွင်းအတွင်း ကွင်းလုံးလျှံမျှ အားပေးနေသော ပရိသတ်ကြီးလည်း အပျော်မရပ်၊ ကွင်းထဲက မြန်မာအမျိုးသမီး အားကစားသမားတို့လည်း အပျော်မရပ်ကြ။ အားလုံးပျော် နေကြသည်။ ထို့အတူ တစ်နိုင်ငံလုံးတွင် ရုပ်မြင်သံကြားကြည့်ရှုနေကြသော မြန်မာ တိုင်းရင်းသားများအားလုံးလည်း ပျော်နေကြမည်မှာမလွဲပါ။

**ဘောလုံးပွဲတစ်ပွဲနိုင်တာနဲ့ ဘာလို့ အဲဒီလောက်ပျော်နေကြသနည်း။ စဉ်းစားကြည့်မိပြန်သည်။ ဤနေရာတွင် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို သွားတွေ့သည်။ ကျွန်တော်တို့ တစ်မျိုးသားလုံး၏ ရင်ဝယ်ကိန်းအောင်း နေသော မျိုးချစ်စိတ်ကား ယခုဘောလုံးပွဲတွင် ထင်းထင်းကြီးပေါ်လာ၍ ဖြစ်သည်။ ဘောလုံးပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော အမျိုးသမီးဘောလုံး အားကစားသမားများ၏ စိတ်တွင်လည်း ကစားနေစဉ်မှာပင် ငါတို့နိုင်မှ ဖြစ်မယ်။ ငါတို့မြန်မာအသင်းနိုင်မှဖြစ်မယ်။ ငါတို့နိုင်ငံတော်အလံ လွှမ်းခြုံပြီး မြန်မာလူထုရှေ့မှာ ပျော်ရွှင်မြူးထူးစွာပတ်ပြီး လှည့်ပြနိုင် ရမယ်ဆိုသော မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ဖြင့် ယှဉ်ပြိုင်ကစားခဲ့၍ ယခုကဲ့သို့ အောင်မြင်ခဲ့ခြင်းဖြစ်သည်။**

တစ်ဆက်တည်းမှာပင် ကိုယ်တိုင်ဝင်ရောက် ယှဉ်ပြိုင်ကစားခြင်း မပြုရသော်လည်း ယှဉ်ပြိုင်ကစားသူများကို အားပေးနေသော ပရိသတ် ကြီးကိုလည်း ကြည့်လိုက်ပါဦး။ ၎င်းတို့က ဘယ်သူ့အတွက် အားပေး နေသည်ဟု ထင်သနည်း။ ၎င်းတို့အားပေးနေသည်မှာလည်း မြန်မာ အသင်းနိုင်ဖို့၊ အာဆီယံမှာ မြန်မာဟော့လို့ ကြွေးကြော်နိုင်ဖို့ပင်ဖြစ်သည်။ ချွေးသံရွှဲရွှဲဖြင့် မိမိတို့နေရာတွင် ထိုင်ပင်မထိုင်နိုင်ဘဲ လက်သီး လက်မောင်းတန်းကာ အသံကုန်ဟစ်အော်အားပေးနေကြသည်။ နိုင်ငံတော်အလံများ တလူလူလွင့်နေသည်။ Myanmar ဟူသော စာလုံးများ၊ စာတန်းများ၊ ခေါင်းစည်းများ လက်ညှိုးထိုးမလွဲ တွေ့နေရ သည်။ မြန်မာကို မြန်မာတို့ ချစ်ကြပါသည်။

မြန်မာတို့မျိုးချစ်စိတ်ဓာတ်ရှိပုံကား ယခုမှမဟုတ်။ ယခင့်ယခင် မြန်မာနိုင်ငံနှင့် အခြားနိုင်ငံဘောလုံးအသင်းများ ယှဉ်ပြိုင်ကစားမှု များကို မြန်မာ့ရုပ်မြင်သံကြားတွင် တိုက်ရိုက်ထုတ်လွှင့်ပြီဆိုလျှင် မြန်မာအသင်းဘက်က နိုင်မနိုင်၊ အခြေအနေကောင်းမကောင်းကို တီဗွီကြည့်ရန်မလိုပါ။ လမ်းပေါ်လျှောက်ရင်းနှင့်“ဟေး”ဟု တစ်ရပ်ကွက် လုံး ဟိန်းသွားအောင် အော်သံကြားလိုက်သည်နှင့် မြန်မာအသင်း ဘက်က ဂိုးရပြီဆိုတာတန်းသိပါသည်။ “ဟာ”ဟုတစ်ရပ်ကွက်လုံး ညံသွားလျှင် မြန်မာအသင်းသွင်းသောဂိုးမဝင်ဘဲ လွဲချော်သွား၍သာ ဖြစ်ပါသည်။ ဘောလုံးပွဲပြသနေစဉ် ပရိသတ်အားလုံး ငြိမ်သက်နေလျှင် မြန်မာအသင်းဘက်က အသည်းအသန်ကာကွယ်နေရ၍ဖြစ်စေ၊ ဂိုးအသွင်းခံထားရ၍ ဖြစ်စေဖြစ်နိုင်ပါသည်။ မြန်မာတို့က မြန်မာကို အဲဒီလောက်တောင် ချစ်ကြသည်။

ဤသုဝဏ္ဏအားကစားကွင်းမှ လူထုသာမဟုတ်၊ ဘောလုံးပွဲ ထုတ်လွှင့်ချိန် တီဗွီရှေ့ရောက်နေသော မြန်မာများအားလုံးလည်း ထိုနည်းတူပင်ဖြစ်သည်။ ဤအချိန်တွင် မြန်မာဘက်က ဂိုးမရပါစေနှင့် ဟု ဆုတောင်းသူတစ်ယောက်မျှမရှိတာ သေချာပါသည်။ တစ်ဆက် တည်းမှာပင် တီဗွီမြင်ကွင်းထဲကို ကြည့်လိုက်ပြန်တော့ ကလေးသူငယ်၊ လူရွယ်၊ လူလတ်မှစ၍ အသက်ကြီးကြီး အဘိုး၊ အဘွားတို့အထိ ဟစ်ကြွေးအားပေးနေသည်ကို မြင်တွေ့ရပါသည်။ မြန်မာတို့နိုင်ပြီဟု သိလိုက်ချိန်တွင် ပျော်ရွှင်စွာကနေသော အဘွားနှင့် လက်ခုပ်တီးပေး နေသော အဘိုးတို့ကို တွေ့ရပြန်သည်။ စိတ်ထဲတွင် အလွန်ဝမ်းသာ ကြည်နူးဖြစ်ရသည်။ သာမန်အားဖြင့် ဘောလုံးပွဲတစ်ပွဲမှ ထုတ်ဖော် ပြသလိုက်သော မြန်မာတို့၏ မျိုးချစ်စိတ်ကား နိုင်ငံတကာသို့ပင် ရောက်ရှိသွားတော့မည်။ တီဗွီမြင်ကွင်းတွင် ထူးခြားချက်တစ်ခုကို သတိပြုမိလိုက်သေးသည်။ ၎င်းမှာ မိမိတို့နိုင်ငံတွင်း နိုင်ငံသားအဖြစ် ညီရင်းအစ်ကိုပမာ မှီတင်းနေထိုင်ကြသော ဘာသာခြားလူမျိုးများပင် ပျော်မြူး၍ ခုန်ပေါက်နေကြသည်။ သြော်...သူတို့လည်း ဒီမြေမှာနေ၊ ဒီရေကိုသောက်၊ ဒီဆန်ကိုစား၍ ဒီနိုင်ငံသည် ငါတို့နိုင်ငံဟူ၍ပင် ခင်တွယ်နေကြပြီပဲဟု တွေးကာ ကြည်နူးမိပြန်သည်။

**ဤသုဝဏ္ဏအားကစားကွင်းကြီး ကွင်းလုံးပြည့်မျှလူကြီး၊ လူငယ်၊ လူရွယ်၊ လူလတ် လာရောက်စုစည်းမိကြသော်လည်း တစ်ဦးနှင့် တစ်ဦး ညီရင်းအစ်ကိုပမာ ဟစ်အော်အားပေးမှုများကိုသာ တွေ့ရသည်။ မည်သည့် ပြစ်မှုပြဿနာမှလည်း မဖြစ်ကြ။ အားလုံးညီညီညွတ်ညွတ်၊ ပျော်ပျော်ရွှင်ရွှင် စုစုစည်းစည်း အားပေးနေကြသည်။ ပယ်နယ်တီ ကန်ရန် စောင့်ဆိုင်းနေစဉ်မှာပင် မည်သူတစ်ဦးတစ်ယောက်ကမျှ မလှုံ့ဆော်ရဘဲ မျိုးချစ်စိတ်၏ လှုံ့ဆော်မှုဖြင့် နိုင်ငံတော်သီချင်းကို ကွင်းလုံးညံမျှ ဟစ်ကြွေးသီဆို နေကြသည်။**

**စေ့စေ့တွေးလိုက်တော့ မြန်မာတိုင်းရင်းသားအားလုံးသည် အမျိုး ပျောက်မှာစိုးကြောက်ကြသူများချည်းဖြစ်ပါသည်။ အမျိုးစစ်၍လည်း အမျိုးကို ချစ်ကြသူများဖြစ်ပါသည်။ ဤဘောလုံးပွဲမှ လှစ်ဟပြသ လိုက်သည့် မျိုးချစ်စိတ်ဓာတ်ကား 'ငါကမျိုးချစ်စိတ်ဓာတ်အပြည့်နဲ့ကွ' ဟု ထုတ်ဖော်ပြောစရာမလိုလောက်အောင် ပြည့်စုံသွားခဲ့ပါသည်။ ဘောလုံးပွဲလေးတစ်ပွဲကိုတောင် မြန်မာလူထုက နိုင်စေလိုလျှင် မြန်မာ နိုင်ငံ၏ ဖွံ့ဖြိုးရာဖွံ့ဖြိုးကြောင်း၊ တိုးတက်ရာတိုးတက်ကြောင်းကို ဘယ်သူမဖြစ်စေချင်ဘဲ နေပါ့မလဲဟု ဆိုချင်ပါသည်။**

**မြန်မာကို အဲသလောက်ချစ်သော မြန်မာများနေသည့် နိုင်ငံ ဖြစ်သဖြင့် မြန်မာနိုင်ငံကို ပျက်စီးအောင်၊ ပြိုကွဲအောင် လုပ်ဆောင် လာမည်ဆိုလျှင်တော့ မြန်မာချစ်သော မြန်မာများသည် လက်ပိုက် ကြည့်နေကြမည့်သူများ မဟုတ်ကြောင်းပါခင်ဗျား။ ။**

# မြန်မာနိုင်ပြီ

## (ထုတိယြသဘာမဂ်လာဧကပိုဒ်ရတု)

**“မြန်မာနိုင်ပြီ”**၊ မြန်ရွှေပြည်ဝယ်၊
အောင်စည်ဆော်ရွှမ်း၊ အောင်မော်ကွန်းနှင့်၊
ညိုထွန်းတန်ဆောင်၊ တင့်ရှန်းပြောင်သား၊
အောင်လံလွင့်လွင့်၊ မိုးယံမြင့်ဝယ်၊
စွင့်စွင့်လွင့်ထူ၊ အောင်တိတ်ယူသား၊
ဇမ္ဗူတစ်လွှား၊ ပြိုင်စံရှားမည်၊
မြင့်မားဂုဏ်ရည်၊ **“ကုမ္မာရီ”**တို့၊
“အာဆီယံပွဲ”၊ အနိုင်နွှဲပြီ၊
ခြိမ့်သဲသြဘာ၊ **“ဒို့မြန်မာဟု”**၊
ကမ္ဘာတစ်လွှား၊ အားကစားဖြင့်၊
ဝင့်ကြွားပေါ်လွင်၊ ရွှေတွေဆင်၍၊
အောင်မြင်ထိုက်တန်၊ မျိုးချစ်မာန်နှင့်၊
**“ချန်ပီယံဆုဖလား”**၊ သမီးများက၊
ဝင့်ကြွားဆွတ်ခူး၊ ဂုဏ်ရောင်ထူးလျက်၊
ရင့်ကျူးတေဇ၊ အောင်ပွဲရပြီ၊
ဘာမထီရှင့်၊ ဓာနည်စိတ်ထား၊
ဇွဲမာန်အားနှင့်၊ မျိုးသားစိတ်ဓာတ်၊
လွန်မြင့်မြတ်လျက်၊ မပြတ်လေ့ကျင့်၊
မျိုးဂုဏ်တင့်ရန်၊ ထပ်ဆင့်ကြိုးပမ်း၊
ကမ္ဘာလွှမ်းအောင်၊ ရည်မှန်းကြလေ၊
**“လှလွန်းဆွေတို့”**၊ မြန်ပြည်သားကောင်း၊
ပြည်သူပေါင်းက၊ နှစ်ထောင်းအားရ၊
ချီးမြှင့်ကြပြီ၊ သမီးလှသူဇာ၊
**“ရတနာ”**တို့၊ ဓာတိပုညာ၊
ဂုဏ်မာနနှင့်၊ မြန်မာ့ဂုဏ်ဆောင်၊
**“လှတန်ဆောင်”**ဟု၊ ရွှန်းပြောင်တေဇာ၊
အောင်သြဘာနှင့်၊ ဇေယျာအောင်ဟိတ်၊
အောင်နိမိတ်နှင့်၊ အောင်တိတ်ဆင်ကာ၊
ဂုဏ်ပြုပါသည်...
**မြန်မာဂုဏ်ဝါထိန်ဖြာလင်း၍ ဝင်းစေသောဝ်၊ ။**
**မာလာသူဇာရူပါဆင်းနှင့် သင်းစေသောဝ်၊ ။**
**ကမ္ဘာကြေညာသမ္ဘာဝင်း၍လင်းစေသောဝ် ။ ။**

**[၂၀၀၇–ခုနှစ်တတိယအကြိမ် အာဆီယံအမျိုးသမီးတံခွန် စိုက် ဘောလုံးပြိုင်ပွဲ ချန်ပီယံဆုဖလားကြီးကိုဆွတ်ယူပေးခဲ့သော မြန်မာ့ဂုဏ်ဆောင် မြန်မာအမျိုးသမီးဘောလုံးအသင်းအား ချီးကျူးဂုဏ်ပြုလျက်–]**

**ယုဝတီကဗျာရှင်**
**တက္ကသိုလ်နွယ်သဇင်**



**ရွှေပြည်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို စက်တင်ဘာ ၁၁ရက်က အထက(၁) ရွှေပြည်ရတနာခန်းမ၌ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဦးလတ်က အလုပ်အမှုဆောင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။**
(က–ပ)

# နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ချီလီနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၁၈**

၂၀၀၇ခုနှစ် စက်တင်ဘာ ၁၈ရက်တွင် ကျရောက်သော ချီလီသမ္မတ နိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ ချီလီသမ္မတနိုင်ငံ နိုင်ငံခြား ရေးဝန်ကြီး အလယ်ဂျန်ဒရိုဖောက်စ်လေထံသို့ ဝမ်းမြောက်ကြောင်း သဝဏ် လွှာပေးပို့သည်။ (သတင်းစဉ်)



# ဓမ္မဗိမာန်တော် တည်ဆောက်ရေး ငွေလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၇**

မရမ်းကုန်းမြို့နယ် သမိုင်းမြို့မ ပရိယတ္တိစာသင်တိုက် ကျောင်းဝင်းအတွင်းတွင် တည်ဆောက်လျက်ရှိသော အသောကဓမ္မဗိမာန် လေးထပ်ကျောင်းဆောင်တော် ကြီး တည်ဆောက်ရေးအတွက် ဗိုလ်မှူးအောင်စိုး(ငြိမ်း)–ဒေါ်ခင်မြင့်မိသားစုက ငွေကျပ်ဆယ်သိန်းပေးအပ်လှူဒါန်းရာ ပဓာနနာယကဆရာတော် ဦးကုဏ္ဍလ ရှေ့မှောက်တွင် နာယက မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးဝင်းကြိုင်က လက်ခံယူသည်။ **(အပေါ်ပုံ)**

အသောကဓမ္မဗိမာန်တော်ကြီးအတွက် လှူဒါန်းလိုပါက တည်ဆောက်ရေး ဥက္ကဋ္ဌ ဦးအေးမြင့် ဖုန်း–၆၆၁၁၅၄၊ ၆၈၃၃၈၀၊ ၆၈၄၇၇၉၊ ၀၉–၅၀–၁၉၃၁၆၊ ဗိုလ်မှူးအောင်စိုး ဖုန်း–၆၆၄၅၀၃၊ ဦးတင်ဝင်း ဖုန်း–၆၆၇၅၁၁၊ ဦးတင်ထူး ဖုန်း–၆၆၅၂၃၈၊ ဦးမြတ်ထွန်း ဖုန်း–၆၆၂၀၁၅၊ ဦးတိုး ဖုန်း–၀၉–၅၁၁၄၁၁၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၈–၉–၂၀၀၇ (အင်္ဂါနေ့)**

| AM/PM | |
|---|---|
| ၇း၀၀–၁း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅–၁း၀၅ | ပတ္တမြားလေးလုံးနဲ့ အပြုံးလူသားတရားတော် (သီတဂူကြယ်တစ်ပွင့် ဆရာတော် အရှင်ပညာနန္ဒ) |
| ၇း၅၀–၁း၅၀ | “သာသနာ့အကျိုးမျှော် ဂုဏ်ပြုပူဇော် မွေးနေ့အလှူတော်” |
| ၈း၀၅–၂း၀၅ | တေးဂီတအစီအစဉ် |
| ၈း၁၀–၂း၁၀ | Sunday Talk |
| ၉း၀၅–၃း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၁၅–၃း၁၅ | တေးဂီတအစီအစဉ် |
| ၉း၂၀–၃း၂၀ | သီးပွင့်ဝေဆာ ပဒေသာ (ကျွဲကော) |
| ၉း၃၀–၃း၃၀ | တေးဂီတအစီအစဉ် |
| ၉း၃၅–၃း၃၅ | အနုပညာရပ်ဝန်းမှ ပွဲတင်သံများ (LWIN MOE TRAVELLING) |
| ၁၀း၀၀–၄း၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၅–၄း၀၅ | နာတာရှည်ကျောက်ကပ်အလုပ်မလုပ် (သို့) အားနည်းရောဂါအကြောင်း(ပါမောက္ခဒေါက်တာခင်မောင်ဌေး) |
| ၁၀း၃၅–၄း၃၅ | တေးဂီတအစီအစဉ် |
| ၁၀း၄၀–၄း၄၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၄၅–၄း၄၅ | နတ်လူသာစုခေါ်စေသောဝ် တောင်ငူမြို့ရဲ့ ရွှေဆံတော် |
| ၁၁း၀၀–၅း၀၀ | တေးဂီတအစီအစဉ် |
| ၁၁း၀၅–၅း၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၁၅–၅း၁၅ | စမ်းသပ်စိုက်ပျိုး ဝင်ငွေတိုး “ချင်းစိုက်ပျိုးနည်း” |
| ၁၁း၂၅–၅း၂၅ | တေးဂီတအစီအစဉ် |
| ၁၁း၃၀–၅း၃၀ | မြန်မာ့လက်ဖက်ရဲ့ တွဲဖက်အဖော် ကြက်သွန်မွှမွှကြော် |
| ၁၂း၀၅–၆း၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၁၀–၆း၁၀ | (Music Gallery ချစ်သူ့လက်ဆောင်–၁) |
| ၁၂း၄၀–၆း၄၀ | ယှဉ်ပြိုင်သိုင်းအားကစား အိုလံပစ်ဖလား |
| ၁း၀၀–၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**Champion League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁၂း၃၀ | AC Milan - Benfica | Star Sport (Live) |
| ၁း၀၀ | Porto - Liverpool | ESPN (Live) |
| ၃း၃၀ | Chelsea - Rosenborg | ESPN (Live) |

### ☆ သံထည်များထုတ်လုပ်ရန်မှ

ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက မြောင်းတကာ သံမဏိစက်မှုဇုန်၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု၊ စက်မှုဇုန်၏ စုစုပေါင်းဧရိယာ ၁၀၁၅ ဒသမ ၅၇ ဧကတွင် ပေ ၂၀၀ x၄၀၀ အကျယ်ရှိ မြေကွက်ပေါင်း ၃၂၇ကွက်၊ ပေ ၆၀x၈၀ အကျယ်ရှိ မြေကွက်ပေါင်း ၈၅ကွက်နှင့် ပေ ၆၀x ၁၂၀ အကျယ်ရှိ မြေကွက်ပေါင်း ၅၆ ကွက် ဖော်ထုတ်ရရှိမှု၊ မြေသားလမ်းနှင့် ကွန်ကရစ်လမ်းများ ဖောက်လုပ်ပြီးစီးမှု၊ ၄x၄ ပေအကျယ်ရှိ နှစ်ပေါက်ရေတံခါး တစ်စင်းတည်ဆောက်ပြီးစီးမှုနှင့် ၄x၄ ပေ အကျယ်ရှိ သုံးပေါက် ရေတံခါး တစ်စင်းတည်ဆောက်ရန် ဆောင်ရွက်နေမှု၊ လျှပ်စစ်ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားရှိမှု၊ မြေကွက်များရောင်းချပြီးစီးမှုနှင့် ငွေပေးသွင်းမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့်က မြောင်းတကာ သံမဏိစက်မှုဇုန်သို့ လျှပ်စစ်ဓာတ်အား အပြည့်အဝ ပေးပို့နိုင်ရေးအတွက် ရွှေတောင် ဓာတ်အားလိုင်းတစ်လိုင်းမှ သွယ်ယူပြီးစီးပြီး ဓာတ်အားပေးလွှတ်မှု၊ ပဲခူး–ကမာနတ်မှ မြောင်းတကာသို့ ၂၃၀ကေဗွီအေ ဓာတ်အားအသစ်တစ်လိုင်း သွယ်တန်းရန် ဆောင်ရွက်ပြီးစီးမှု၊ လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မြောင်းတကာသံမဏိ စက်မှုဇုန်သို့ ဓာတ်အားအပြည့်အဝပေးနိုင်ရေးအတွက် ရေရှည်ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များနှင့် ယခုအခါ သတ်မှတ်ကာလ မီးပေးဝေမှုအပြင် ည ၁၁နာရီမှ နောက်တစ်နေ့ နံနက် ၅နာရီအထိ စက်မှုဇုန်များသို့ လျှပ်စစ်ဓာတ်အားများပေးနေမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဆက်စပ်ဌာနအသီးသီးတို့မှ တာဝန်ရှိသူများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်က အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်လျက်ရှိရာတွင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက လိုအပ်ချက်ပစ္စည်းများဖြစ်သည့် ဘိလပ်မြေနှင့် သံထည်ပစ္စည်းများကို နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်းတို့က ထုတ်လုပ်လျက်ရှိကြောင်း၊ သံထည်ပစ္စည်းများထုတ်လုပ်ရန်အတွက် လျှပ်စစ်ဓာတ်အားရနိုင်မှု၊ မြေနေရာအကျယ်အဝန်း၊ သယ်ယူပို့ဆောင်ရေးအဆင်ပြေမည့် မှော်ဘီမြို့နယ် မြောင်းတကာတွင် သံမဏိစက်မှုဇုန် တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဤစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်တွင်းလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်မည့်အပြင် ပြည်ပမှ မှာယူတင်သွင်းရမှု လျော့နည်းကျဆင်းလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော် အစိုးရ၏ အားပေးပံ့ပိုးမှု၊ စက်မှုဇုန်တာဝန်ခံများ၊ စက်မှုဇုန်အလိုက်တာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်မှုများကြောင့် စက်မှုဇုန်များ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ကြောင်း၊ သံထည်ပစ္စည်းကိုင်တွယ်သည့် စက်မှုလုပ်ငန်း တိုးတက်လာသည်နှင့်အမျှ အခြားပုဂ္ဂလိက စက်မှုလုပ်ငန်းများသည်လည်း ဆက်စပ်တိုးတက်လာမည်ဖြစ်ကြောင်း။

မြောင်းတကာ သံမဏိစက်မှုဇုန် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်စေရေး၊ စက်ရုံများ အမြန်ဆုံးလည်ပတ်နိုင်ရေး၊ သွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရေး အတွက် အဓိကကျသည့် လျှပ်စစ်ဓာတ်အားရရှိရေး အပါအဝင် အခြားလိုအပ်သော အခြေခံအဆောက်အအုံများကိုလည်း နိုင်ငံတော်က မျက်ခြည်မပြတ် ပံ့ပိုးလျက်ရှိကြောင်း။

တာဝန်ရှိသူများ အနေဖြင့်လည်း လုပ်ငန်းရှင်များ ပိုမိုဆောလျင်စွာ အပြည့်အဝရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ် အသိပေးပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မော်တော်ယာဉ်များဖြင့် မြောင်းတကာ သံမဏိစက်မှုဇုန်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ မြောင်းတကာ သံမဏိစက်မှုဇုန်သည် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာအနီး၌ တည်ရှိပြီး စက်မှုဇုန်၏ စုစုပေါင်း ဧရိယာမှာ ၁၀၁၅ ဒသမ ၅၇ ဧက ကျယ်ဝန်းသည်။

မြောင်းတကာ သံမဏိစက်မှုဇုန်ကို Phase-1, Phase-2, Phase-3 ဟူ၍ အပိုင်းသုံးပိုင်းခွဲခြား၍ ဆောင်ရွက်လျက်ရှိရာ စက်မှုဇုန် Phase-1 ဖြစ်သည့် စက်မှုမြေဧရိယာအပိုင်းတွင် ၁၇၈ ဒသမ ၆၈ ဧက ကျယ်ဝန်းပြီး ပေ၂၀၀x၄၀၀ အကျယ်ရှိသော စက်မှုမြေကွက်ပေါင်း ၉၂ကွက်ကို ဖော်ထုတ်ပြီး ဖြစ်သည်။

စက်မှုဇုန် Phase-2 ဖြစ်သည့် စက်မှုမြေဧရိယာအပိုင်းတွင် ၃၀၅ ဒသမ ၅၄ ဧက ကျယ်ဝန်းပြီး ပေ၂၀၀x၄၀၀ အကျယ်ရှိသော စက်မှုမြေကွက်ပေါင်း ၁၆၁ကွက်ကို ဖော်ထုတ်လျက်ရှိသည်။

စက်မှုဇုန် Phase-3 ဖြစ်သည့် စက်မှုမြေဧရိယာအပိုင်းတွင် ၁၃၆ ဒသမ ၁၆ ဧက ကျယ်ဝန်းပြီး ပေ ၂၀၀x၄၀၀ အကျယ်ရှိသော စက်မှုမြေကွက်ပေါင်း ၇၄ကွက်ကို ဖော်ထုတ်ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း သတင်းစာပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၇)ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)





## ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သည့် သတင်းစာပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၇)ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

**ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သည့် သတင်းစာပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၇) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် သင်တန်းခန်းမ၌ ကျင်းပသည်။**

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝါရင့်သတင်းစာဆရာကြီးများ၊ သတင်းစာတိုက်များမှ စာတည်းမှူးချုပ်များနှင့် စာတည်းမှူးများ၊ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းကျောင်းအုပ်ကြီး၊ သင်တန်းမှူးနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက သင်တန်းဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ ဖွင့်လှစ်လိုက်သည့် သတင်းစာပညာသင်တန်းသည် (၁၃)ကြိမ်မြောက် ဖွင့်လှစ်သည့် သင်တန်းဖြစ်ကြောင်း၊ သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက် သုံးရပ်ရှိကြောင်း၊ ယင်းရည်ရွယ်ချက်များမှာ သင်တန်းသား၊ သင်တန်းသူများ သတင်းစာပညာနှင့် သတင်းစာလုပ်ငန်းတို့ကို အခြေခံအားဖြင့် တတ်မြောက်နိုင်စေရန်၊ သင်တန်းသား၊ သင်တန်းသူများ၏ ရှိပြီးသားလုပ်ငန်းကျွမ်းကျင်မှု အရည်အသွေးများ ပိုမိုမြင့်မားစေရန်နှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အရည်အသွေးများ ပိုမိုမြင့်မားလာစေရန်၊ နိုင်ငံနှင့် လူမျိုးအကျိုးဘက်က အမြဲတမ်းရပ်တည်ပြီး အစဉ်သွက်လက်ထက်မြက်၍ အရည်အသွေးမြင့်မားသည့် သတင်းစာထုတ်လုပ်သွားနိုင်စေရန်တို့ပင်ဖြစ်ကြောင်း၊ ဤသင်တန်းသည် နိုင်ငံနှင့်လူမျိုးအတွက်သာမက သတင်းလောကအတွက်ပါ အရေးကြီးပြီး အလွန်လိုအပ်သည့်သင်တန်းဖြစ်ကြောင်း၊ သတင်းစာပညာသင်တန်းမှတစ်ဆင့် မီဒီယာကို မြှင့်တင်တည်ဆောက်ပေးခြင်းဖြင့် သင်တန်းသား၊ သင်တန်းသူများနှင့် နိုင်ငံအတွက်ပါ အလွန်အကျိုးဖြစ်ထွန်းစေသည်ဟုပြောကြားလိုကြောင်း၊ မိမိတို့၏ မီဒီယာလုပ်ငန်းများဆောင်ရွက်တိုင်း တိုင်းပြည်နှင့် လူမျိုးအကျိုးဘက်က မားမားမတ်မတ် ရပ်တည်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း စသည်ဖြင့် အကျယ်တဝင့်ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သတင်းစာပညာသင်တန်းသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ သင်တန်းသား၊ သင်တန်းသူ ၃၀၊ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၁၈ဦးနှင့် မြဝတီရုပ်မြင်သံကြားမှ သင်တန်းသူနှစ်ဦးအပါအဝင် စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၅၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၁၇ ရက်မှ နိုဝင်ဘာ ၂၃ ရက်အထိ ရက်သတ္တ ၁၀ ပတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)




## နိုင်ငံတော် အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ပထမအဆင့် သင်တန်းအမှတ်စဉ်(၂၀၆)ဆင်းပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၇**

နိုင်ငံတော် အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ပထမအဆင့် သင်တန်းအမှတ်စဉ်(၂၀၆) သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း၌ ကျင်းပရာ ဒုတိယ စာရင်းစစ်ချုပ် ဒေါ်သင်းသင်းတက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းဆင်းပွဲသို့ စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ သင်တန်းသို့ ဦးစီးဌာန ၁၇ခုနှင့် စီးပွားရေးအဖွဲ့အစည်း ၁၉ခုတို့မှ ဝန်ထမ်းစုစုပေါင်း ၁၀၃ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးလခန့်ကြာမြင့်ခဲ့သည်။ (သတင်းစဉ်)

## အထက(၂)ဗိုလ်တထောင် မြတ်ဆရာပူဇော်ပွဲကျင်းပရေးညှိနှိုင်း

**ရန်ကုန် စက်တင်ဘာ ၁၇**

အထက(၂)ဗိုလ်တထောင် (St. Philip) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၁၂ရက် မွန်းလွဲ ၁နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အငြိမ်းစား ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်အေးမူက သြဝါဒစကား ပြောကြားပြီး ကျောင်းသား၊ ကျောင်းသူဟောင်းများက အလှူငွေများကို ပူဇော်ပွဲ ဖြစ်မြောက်ရေး နာယက ဆရာ၊ ဆရာမကြီးများထံပေးအပ်လှူဒါန်းကြသည်။

**(အောက်ပုံ)** မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၉ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပရန် ဆုံးဖြတ်ကြသည်။

ကန်တော့ခံ အငြိမ်းစား ဆရာ၊ ဆရာမကြီးများအနေဖြင့် ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) ဒေါ်ခင်အေးမူ ဖုန်း–၅၅၈၁၄၅၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေဝင်း ဖုန်း–၂၉၁၅၂၃၊ ဆရာမ ဒေါ်ခင်သိန်းရီ ဖုန်း–၅၁၀၅၉၈ တို့သို့ ဆက်သွယ်ကြရန်နှင့် ကျောင်းသားဟောင်းများ အနေဖြင့် ဦးမျိုးမြင့် ဖုန်း–၀၉၅၁–၃၂၇၇၇၊ ဦးအောင်ချိုဦး ဖုန်း–၀၉၅၁–၄၈၃၄၉၊ ဦးမောင်မောင်စိုး ဖုန်း–၀၉၅၁–၇၅၀၀၉၊ ဦးသီဟန် ဖုန်း–၀၉၅၀–၁၆၅၃၁၊ ဒေါ်သီသီလွင် ဖုန်း–၀၉၅၁–၅၈၁၅၉၊ ဒေါ်မိမိမောင် ဖုန်း–၀၉၅၁–၃၀၉၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)



✧ **အက်မက်စ်မှ**

ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အဖွင့်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပုဂံမြို့၌ ၂၀၀၃ခုနှစ် နိုဝင်ဘာလအတွင်းပြုလုပ်ခဲ့သည့် ပထမအကြိမ် အက်မက်စ်ထိပ်သီးအစည်းအဝေးနှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ၂၀၀၅ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပခဲ့သည့် ဒုတိယအကြိမ် အက်မက်စ် ထိပ်သီးအစည်းအဝေးများတွင် မိမိတို့ဒေသအတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ အရေးပါမှုအခန်းကို အလေးထားဆွေးနွေးခဲ့ကြကြောင်း၊ အက်မက်စ်၏ ၂၀၀၆ခုနှစ် ရှေ့လုပ်ငန်းစဉ်တွင်လည်း လယ်ယာကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များအဖြစ် စိုက်ပျိုးထုတ်လုပ်မှု စွမ်းရည်မြင့်မားရေး၊ လယ်ယာထွက်ကုန်ဈေးကွက်များ ပိုမိုကျယ်ပြန့်စေရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဖက်စပ်လုပ်ငန်းနှင့် သုတေသနလုပ်ငန်းများ ပိုမို ဖွံ့ဖြိုးရေးကို သတ်မှတ်ပေးခဲ့ကြောင်း။

ထိုရည်မှန်းချက်များကို ပြည့်မီစေရေးအတွက် မိမိတို့လယ်ယာကဏ္ဍဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် သတ်မှတ်ထားသည့် ဘုံစီမံကိန်းများ၊ နှစ်နိုင်ငံချင်း စီမံကိန်းများ၏ အကောင်အထည်ဖော်မှု အခြေအနေများနှင့် တွေ့ကြုံရင်ဆိုင်ရသည့် အခက်အခဲများကို ပြန်လည်သုံးသပ်ပြီး အားလုံးလက်ခံဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ကြရမည်ဖြစ်ကြောင်း။

လွန်ခဲ့သည့်နှစ်များအတွင်း မိမိတို့အနေဖြင့် အက်မက်စ် မဟာဗျူဟာစီမံချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန် အတူတကွ လက်တွဲကြိုးပမ်းခဲ့ကြကြောင်း၊ သို့သော်လည်း မိမိတို့၏ ကြိုးပမ်းဆောင်ရွက်မှုများသည် စွမ်းဆောင်နိုင်စွမ်းရှိသလောက် အပြည့်အဝမရရှိဘဲ ပိုမိုလက်တွေ့ကျကျ ဆောင်ရွက်နိုင်ရန် လိုအပ်နေကြောင်းကို သတိပြုမိကြောင်း။

တစ်ချိန်တည်းမှာ မိမိတို့၏ ဘုံစီမံကိန်းများနှင့် နှစ်နိုင်ငံချင်း စီမံကိန်းအကောင်အထည်ဖော်မှုများသည်လည်း တိုးတက်ဆောင်ရွက်နိုင်မှုမှာ နှေးကွေးနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စီမံကိန်းအကောင်အထည်ဖော်မှုများတွင် ပိုမိုအားထည့်ပြီး သွက်သွက်လက်လက်ဆောင်ရွက်ရန် လိုအပ်နေသည်ကို သုံးသပ်မိကြောင်း။

ယခင်အက်မက်စ်အစည်းအဝေးများနှင့် ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့၌ ယခုနှစ်ဆန်းပိုင်းက ကျင်းပခဲ့သည့် အက်မက်စ်ခေါင်းဆောင်များ၏ နှစ်လည်သုံးသပ်မှုအစည်းအဝေးတွင် ထိုင်းနိုင်ငံနှင့်ဆက်စပ်နေသည့် နှစ်နိုင်ငံချင်း စီမံကိန်းများမှာ တိုးတက်မှုများ ရှိကြောင်းကို သုံးသပ်ခဲ့ကြကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ထိုင်းနိုင်ငံအစိုးရ၏ မိမိတို့အဖွဲ့ဝင် နိုင်ငံအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်သည့် နှစ်နိုင်ငံချင်း စီမံကိန်းများ အထူးသဖြင့် လူ့စွမ်းအားဖွံ့ဖြိုးမှုဆိုင်ရာ သင်တန်းအစီအစဉ်များတွင် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် ကူညီထောက်ပံ့မှုများပေးလျက်ရှိသည်ကို များစွာ ကျေးဇူးတင်ရှိကြောင်း။

ထိုင်းနိုင်ငံ ချင်းရိုင်မြို့၌ ၂၀၀၆ ခုနှစ် ဩဂုတ်လအတွင်း ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက်လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် လယ်ယာကဏ္ဍဆိုင်ရာ ဘုံစီမံကိန်းခုနစ်ခုနှင့် နှစ်နိုင်ငံချင်း စီမံကိန်း ၂၈ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေးသတ်မှတ်ခဲ့ကြောင်း၊ သို့သော်လည်း ထိုစီမံကိန်းများအနက် အများစုသည် စဉ်းစားနေဆဲအဆင့်သာရှိပြီး အမှန်လုပ်ငန်းစတင်နိုင်ရန် လိုအပ်နေသေးသည်ကို တွေ့ရှိရကြောင်း။

အဖွဲ့ဝင်နိုင်ငံများအားလုံးအနေဖြင့် ယခုကဲ့သို့နှစ်နိုင်ငံချင်း စီမံကိန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် များစွာ စိတ်ဝင်တစားရှိကြသော်လည်း မိမိတို့အက်မက်စ်အဖွဲ့အတွင်း ရန်ပုံငွေအခက်အခဲများရှိနေကြောင်း၊ ထို့ကြောင့် လက်ရှိအခြေအနေအရ မိမိတို့မျှော်မှန်းသည့် စီမံကိန်းများ အကောင်အထည်ဖော်ရန်အတွက် လိုအပ်မည့် ရန်ပုံငွေများ စုစည်းရရှိရေးကို ထိရောက်သည့် စီမံချက်များနှင့် ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း၊ တစ်ဆက်တည်းမှာပင် လက်ရှိစီမံကိန်းများကို ပြန်လည်သုံးသပ်ပြီး မိမိတို့၌ရှိသည့်ရန်ပုံငွေနှင့် အမှန်ဆောင်ရွက်နိုင်သည့် ဦးစားပေးစီမံကိန်းများကို ပြန်လည်သတ်မှတ်ရန်လိုအပ်နေကြောင်း။

အများသိကြပြီးဖြစ်သည့်အတိုင်း ဆန်စပါးသည် မိမိတို့ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ အခြေခံစားသုံးရိက္ခာသီးနှံဖြစ်ပြီး ကျေးလက်ပြည်သူများ၏ အဓိကအသက်မွေးမှုလုပ်ငန်းဖြစ်သည့်အပြင် ကမ္ဘာ့ဆန်ကုန်သွယ်မှုတွင်လည်း အချိုးအစားများစွာ ပါဝင်လျက်ရှိခြင်းဖြင့် စားနပ်ရိက္ခာလုံခြုံမှုအတွက် ထောက်ပံ့ ဖြည့်ဆည်းပေးလျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း ဆန်စပါးကို မြန်မာနိုင်ငံ၏ ပင်မရိက္ခာသီးနှံအဖြစ် သတ်မှတ်ထားပြီး လက်ရှိအားဖြင့် စုစုပေါင်းစိုက်ပျိုးဧရိယာဟက်တာ ၈ ဒသမ ၀ သန်းမှ ဆန်တန်ချိန် ၁၄ ဒသမ ၇ သန်း ထုတ်လုပ်လျက်ရှိကြောင်း၊ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအားလုံး၏ ဆန်ထုတ်လုပ်မှုသည် တစ်နှစ်ထုတ်လုပ်မှု တန်ချိန် ၅၅ သန်းရှိပြီး ကမ္ဘာ့စုစုပေါင်းထုတ်လုပ်မှု၏ ၁၃ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ထို့ပြင် ကမ္ဘာ့ဆန် ကုန်သွယ်မှုအတွင်း တစ်နှစ်လျှင် ပျမ်းမျှတန်ချိန် ၁၃ သန်းပါဝင်လျက်ရှိသည့်အတွက် စုစုပေါင်း ကမ္ဘာ့ဆန်ကုန်သွယ်မှု၏ ၄၅ ရာခိုင်နှုန်း အချိုးအစားဖြင့် ပါဝင်ဖြည့်ဆည်းလျက်ရှိကြောင်း၊ ထို့ကြောင့် ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးနှုန်းများတည်ငြိမ်ရေးသည် မိမိတို့ အက်မက်စ်နိုင်ငံ၏ လူဦးရေအများစုဖြစ်သည့် စပါးစိုက်တောင်သူများ၏ ဝင်ငွေများတိုးတက်ရရှိရေးတွင် များစွာအရေးပါ လိုအပ်လျက်ရှိကြောင်း။

ထို့ကြောင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်သည့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအတွင်း ဆန်စပါးထုတ်လုပ်မှုစွမ်းရည်နှင့် ဆန်အရည်အသွေးများ တိုးတက်ကောင်းမွန်ရေး၊ ဈေးကွက်ကွန်ရက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုချောမွေ့ရေး၊ အဖွဲ့ဝင်နိုင်ငံများရှိ ဆန်စပါးထုတ်လုပ်သူများနှင့် ရောင်းဝယ်ဖောက်ကားသည့် အဖွဲ့အစည်းများအချင်းချင်း ပိုမိုနားလည်မှု၊ အပြန်အလှန်ကူညီမှုများ တိုးမြှင့်ရေးစသည့်လုပ်ငန်းများတွင် အချင်းချင်း ပိုမိုနီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုများပြုခြင်းဖြင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ အားလုံးအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ အဖွဲ့ဝင်နိုင်ငံများ၏ အကျိုးဖြစ်ထွန်းစေရန် ဆောင်ရွက်ရာတွင် နိုင်ငံအသီးသီး၏ ပကတိအခြေအနေမှန်များအပေါ် လုပ်နိုင်ကိုင်နိုင်ရှိမည့် နည်းလမ်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အလားအလာ နယ်ပယ်များကို အသေးစိတ်ညှိနှိုင်းဆွေးနွေးပြီး သင့်လျော်သည့် မူဝါဒများချမှတ်ကျင့်သုံးသင့်ကြောင်း။

မိမိအနေဖြင့် ယနေ့ကျင်းပသည့် လုပ်ငန်းအဖွဲ့အစည်းအဝေးမှ ထိုအက်မက်စ် ဆန်စပါး ပူးပေါင်းဆောင်ရွက်မှု၏ ရှေ့လုပ်ငန်းစဉ်အတွက် အကျိုးရှိမည့်ထောက်ခံချက်ရလဒ်ကောင်းများ ထွက်ပေါ်လာလိမ့်မည်ဟု ယုံကြည်ကြောင်း။

မြန်မာနိုင်ငံသည် မိမိတို့အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံချင်းအနေဖြင့်ရော အားလုံးစုစည်းပါဝင် ဆောင်ရွက်မှုများမှာပါ နီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုပြုလုပ်လျက်ရှိကြောင်း၊ လွန်ခဲ့သည့်နှစ်များအတွင်း မိမိတို့အနေဖြင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုတွင် ယခု အက်မက်စ်မဟာဗျူဟာပူးပေါင်းဆောင်ရွက်မှုအဖွဲ့အပြင် အာဆီယံ၊ မဟာမဲခေါင်ဒေသခွဲ ပူးပေါင်းဆောင်ရွက်မှုအဖွဲ့နှင့် ဘင်းမ်စတက်အဖွဲ့များမှာပါ ပါဝင်ပြီး ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်မားအောင် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အက်မက်စ် လယ်ယာစိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် ဦးဆောင်ညှိနှိုင်းဆောင်ရွက်သည့် နိုင်ငံဖြစ်သည်နှင့်အညီ အက်မက်စ်စီမံကိန်းများအောင်မြင်စွာ အကောင်ထည်ဖော်ရေးနှင့် ဒေသခွဲအတွင်းရှိ ပြည်သူများ၏ အကျိုးစီးပွားတိုးတက်ရရှိရေးအတွက် အက်မက်စ်အဖွဲ့ကြီး၏ လုပ်ငန်းများတွင် ဆက်လက်ပြီး တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အစည်းအဝေးပြီးသည့်နေ့တွင် တက်ရောက်လာသည့် ကိုယ်စားလှယ်များအတွက် နေပြည်တော် အနီးတစ်ဝိုက်မှာရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ရေအားလျှပ်စစ်စီမံကိန်း၊ စိုက်ပျိုးရေးဆိုင်ရာ သုတေသနနှင့် တက္ကသိုလ်များကို လေ့လာရေးခရီးစဉ်တစ်ရပ်စီစဉ်ထားပါကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် လုပ်ငန်းအဖွဲ့အစည်းများနှင့် လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အကြံပြုချက်များပေးကြရန်လည်း မေတ္တာရပ်ခံအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် အခမ်းအနားသို့တက်ရောက်လာကြသည့် နိုင်ငံအသီးသီးမှကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဖွင့်ပွဲအခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဧရာဝတီ–ကျောက်ဖရား–မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ အဖွဲ့ လယ်ယာစိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုကိစ္စဆိုင်ရာလုပ်ငန်းအဖွဲ့၏ တတိယအကြိမ် အစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေမြန်မာဟိုတယ်၌ ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးက ဆောင်ရွက်သည်။

အဆိုပါ အစည်းအဝေးကို စက်တင်ဘာ ၁၈ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ ပေါင်းလောင်းရေလှောင်တမံဘက်စုံစီမံကိန်း၊ ရေဆင်းရှိ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးနှင့် ကုသရေးတက္ကသိုလ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စိုက်ကွင်းများကို သွားရောက်ကြည့်ရှုလေ့လာကြမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# အကြိမ်(၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၇**

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုပွဲနှင့် သဘောရေးဖြေပွဲကို ၁၃၆၉ ခုနှစ် နတ်တော်လဆန်း ၁၄ ရက် (တနင်္ဂနွေနေ့)မှ ၁၃၆၉–ခုနှစ် ပြာသိုလပြည့်ကျော် ၂ ရက် (ကြာသပတေးနေ့)အထိ (၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၂၄ ရက်)အထိ ကျင်းပမည်ဖြစ်သည်။

ဝင်ရောက်ဖြေဆိုမည့် သံဃာတော် အရှင်သူမြတ်များသည် ၁၃၆၉ ခုနှစ် သီတင်းကျွတ်လဆန်း ၇ ရက် (၂၀၀၇ ခုနှစ် အောက်တိုဘာ ၁၈ ရက်)မတိုင်မီ ဝင်ခွင့်တောင်းလွှာများကို (ဓာတ်ပုံနှင့်အတူ) ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ စာမေးပွဲဌာနခွဲ(တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ)သို့ ပေးပို့ရန်ဖြစ်ကြောင်း၊ လက်မှတ်ရေးထိုးတင်သွင်းပြီးနောက် အကြောင်းမညီညွတ်၍ ပြန်ဆိုဖြေဆိုရန် ပျက်ကွက်ပါက ပျက်ကွက်သည့် အကြောင်းကို ၁၃၆၉–ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် (၂၀၀၇–ခုနှစ် ဒီဇင်ဘာ ၃ ရက်) နောက်ဆုံးထား၍ အကြောင်းကြားရန်ဖြစ်ကြောင်း၊ စာမေးပွဲအတွက် ပြဋ္ဌာန်းချက်များမှာ ယခင်နှစ်များကအတိုင်းဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)



**စက်တင်ဘာ ၁၇ ရက်က မလေးရှားနိုင်ငံ၏ (၇၄)နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ်ညှော်ခံပွဲသို့ တက်ရောက်လာသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ စစ်သံမှူး** Col, Sanusi Bin Hashim **နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# NLD ပါတီတွင် ဆက်လက်လုပ်ကိုင်လိုစိတ်မရှိ၊ ပါတီဝင်အဖြစ်ဆက်လက်ရပ်တည်လိုစိတ်မရှိ ရွှေတောင်မြို့နယ်၊ တောင်တွင်းကြီးမြို့နယ်နှင့် နေပြည်တော်ပျဉ်းမနားမြို့နယ်တို့မှ ပါတီဝင် ခုနစ်ဦးနုတ်ထွက်

**ရန်ကုန် စက်တင်ဘာ ၁၇**

ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးဌေးသန်းသည် ဇွန် ၂၈ ရက်တွင်လည်းကောင်း၊ မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးမောင်မောင်ဦး၊ ဦးလှဦး၊ ဦးအောင်တင်နှင့် ဦးစိန်မောင်၊ နေပြည်တော်ပျဉ်းမနားမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးအောင်ဖြိုးဝေနှင့် ဦးတိုးကြီးတို့သည် စက်တင်ဘာ ၅ ရက်တွင်လည်းကောင်း ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း အသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ရွှေတောင်မြို့နယ်၊ တောင်တွင်းကြီးမြို့နယ်နှင့် နေပြည်တော်ပျဉ်းမနားမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲတို့သို့ ပေးပို့သောနုတ်ထွက်လွှာများတွင် NLD ပါတီတွင် ဆက်လက်လုပ်ကိုင်လိုစိတ်မရှိ၊ ပါတီဝင်အဖြစ်ဆက်လက်ရပ်တည်လိုစိတ်မရှိသဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

## မြစ်ရေကြီးမှု အခြေအနေထုတ်ပြန်

**ရန်ကုန် စက်တင်ဘာ ၁၇**

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ စစ်ကိုင်းမြို့၌ ၁၁၅၅ စင်တီမီတာနှင့် ဟသ်ာတမြို့၌ ၁၃၄၃ စင်တီမီတာသို့ အသီးသီး ရောက်ရှိနေကြပြီး စိုးရိမ်ရေမှတ် အထက်၌ စစ်ကိုင်းမြို့၌ ၅ စင်တီမီတာနှင့် ဟသ်ာတမြို့၌ ၁ စင်တီမီတာ ကျော်လွန်နေကြသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း စစ်ကိုင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၁၅၀ နှင့် ဟသ်ာတမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ မြစ်ငယ်မြို့၌ ၈၉၇ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၇ စင်တီမီတာကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၈၇၀ အထက်တွင် ဆက်လက် တည်ရှိနိုင်သည်။

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၈–၉–၂၀၀၇ (အင်္ဂါနေ့)**

**၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက် (အဖိတ်နေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်** |
| ၇:၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၇:၅၅ | ၅။ | ကဗျာပန်းဥယျာဉ် |
| ၈:၁၀ | ၆။ | အတီးပြိုင်ပွဲ |
| ၈:၁၅ | ၇။ | နှောင်းခေတ်တေးပဒေသာ |
| ၈:၃၀ | ၈။ | International News. |
| ၈:၄၅ | ၉။ | Let's Go. |
| ၉:၀၀ | ၁၀။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၄:၃၀ | ၃။ | အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ စတုတ္ထအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ပထမဆု) (အထက ၂၊ စမ်းချောင်း) (အမျိုးသမီးဝတ်ရွတ်အဖွဲ့) |
| ၄:၅၀ | ၄။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ) |
| ၅:၀၅ | ၅။ | ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက |
| ၅:၂၀ | ၆။ | ဆိုကြမယ် ပျော်ကြမယ် |
| ၅:၅၀ | ၇။ | လေးကျွန်းမာန်အောင်စေတီတော် (သောတာပန်ရပ် စစ်ကိုင်းမြို့နယ်) |
| ၆:၀၀ | ၈။ | ညနေခင်းသတင်း |
| ၆:၃၀ | ၉။ | မိုးလေဝသအခြေအနေ |
| ၆:၃၅ | ၁၀။ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ |
| ၆:၅၀ | ၁၁။ | ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၁၅–၂၀နှစ်) (အမျိုးသား/အမျိုးသမီး) |
| ၇:၂၀ | ၁၂။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောရွှေနေခြည်" (အပိုင်း–၁၃)** |
| ၈:၀၀ | ၁၃။ | ပြည်တွင်းသတင်း |
| | ၁၄။ | နိုင်ငံတကာသတင်းများ |
| | ၁၅။ | မိုးလေဝသအခြေအနေ |
| | ၁၆။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ပြုံးလှည့်ပါချစ်သူရယ်" (အပိုင်း–၇)** |
| | ၁၇။ | နောက်တစ်နေ့အစီအစဉ် |
| | ၁၈။ | အစီအစဉ်ပြီး၏။ |



ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာကုန်းမြေ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီးသို့ ကမ္ဘာ့သာသနာပြု သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တသိဂ္ဂဝ (အဂ္ဂမဟာပဏ္ဍိတ)၏ ဂုဏ်တော်ကို ရည်မှန်း၍ ပီနန် စင်ကာပူ ဆရာတော်ကြီး ဘဒ္ဒန္တ ပညာဝံသက သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဓာတ်တော်တိုက်အတွင်း မူလလှူထားသော မီးဆိုင်းကြီးအစား မီးဆိုင်းအသစ်ကြီးအတွက် လှူဒါန်းငွေကျပ် ၂၅ သိန်းကို ဆရာတော်ကြီးကိုယ်စား ဗိုလ်မှူးကြီးအောင်ကြည် (ငြိမ်း)နှင့် ဦးဇက်ဝင်းတို့က ဂေါပကအဖွဲ့ဝင်များ ရှေ့မှောက်တွင် ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် အလှည့်ကျ သဘာပတိ ဦးစောကြိုင် လက်ခံယူစဉ်။

(က-ပ)

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၀၇) အစည်းအဝေးတွင် သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။

(သတင်းစဉ်)




# နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏(၂/၂၀၀၇) အစည်းအဝေးကို စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် နာယကချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။**

ရှေးဦးစွာ အစည်းအဝေးကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး သဘာပတိ ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလဇောတိက အဖွင့်သြဝါဒ မြွက်ကြားသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၁/၂၀၀၇)အစည်း အဝေးမှတ်တမ်းကိုအတည်ပြုချက်ရယူသည်။ယင်းနောက် အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးမြင့်က (၁/၂၀၀၇) အစည်းအဝေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုများကို တင်ပြသည်။

ဆက်လက်၍ ဗဟိုပညာရေးအဖွဲ့၏ တင်ပြချက်များအပေါ် ဝေဖန်ဆွေးနွေးဆုံးဖြတ်ကြပြီး တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့ (ရန်ကုန်၊ မန္တလေး)တို့မှ မော်ကွန်းထိန်းဆရာတော်တို့၏ တင်ပြချက်များကို ဆွေးနွေးဆုံးဖြတ်ကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းကိစ္စကို တင်ပြပြီး နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ သင်ကြား/စီမံဆရာတော်များနှင့် သင်တန်းသား သံဃာတော်များ၏ အရည်အချင်း၊ တာဝန်ဝတ္တရားနှင့် စည်းကမ်းချက်များ သတ်မှတ်ခြင်းကိစ္စကို တင်ပြလျှောက်ထားသည်။

ယင်းနောက် တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးကြပြီး သဘာပတိ ဆရာတော်က နိဂုံးချုပ်သြဝါဒမြွက်ကြားကာ ဗုဒ္ဓသာသနံစိရံ တိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# မှော်ဘီမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲနှင့် သာသနာဝင် စိစစ်ရေးကတ်ပြားဆက်ကပ်ပွဲများ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

**ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၅ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ဗဟိုစိုက်ပျိုးရေးသုတေသနခြံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



**ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ရေပြာကျေးရွာ သာသနာ့ဝန်ဆောင်ကျောင်းတိုက်၌ သာသနာဝင် စိစစ်ရေးကတ်ပြား ဆက်ကပ်ပွဲ ကျင်းပစဉ်။** (သတင်းစဉ်)

အခမ်းအနားသို့ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးလှဒေါင်း၊ မှော်ဘီတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးစန်းယု၊ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဒုတိယ တိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇေယျ၊ မြောက်ပိုင်းခရိုင်ဦးစီးဌာနမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်၊ အနောက်ပိုင်းခရိုင်ဒုတိယဦးစီးဌာနမှူးလက်ထောက် ညွှန်ကြားရေးမှူး ဦးတင်မောင်ဦး၊ ရန်ကုန်မြောက်ပိုင်းခရိုင် မြို့နယ်များမှ မြို့နယ်ဦးစီးဌာနမှူးများ၊ မှော်ဘီမြို့နယ် ဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် ရပ်မိရပ်ဖများတက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးလှဒေါင်းက နိုင်ငံသားအရည်အချင်း ဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

## ပေးအပ်

ထို့နောက် တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးလှဒေါင်း၊ မှော်ဘီတပ်နယ်မှူး ဒုတိယ ဗိုလ်မှူးကြီးစန်းယုနှင့် တာဝန်ရှိသူများက နိုင်ငံသားအရည်အချင်းပြည့်မီသူ များအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယင်းအခမ်းအနားတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူ ၅၃၂၀ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်း ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးလှဒေါင်းနှင့်အဖွဲ့သည် မှော်ဘီမြို့နယ် အင်းလျှက်ကျေးရွာအုပ်စု ရေပြာကျေးရွာသာသနာ့ဝန်ဆောင် ကျောင်းတိုက်၌ သာသနာဝင် စိစစ်ရေးကတ်ပြားဆက်ကပ်ပွဲကို မွန်းလွဲ ၂ နာရီတွင် ဆက်လက်ကျင်းပရာ အခမ်းအနားသို့ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တဂုဏိသရ၊ သာသနာ့ဝန်ဆောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် တိုင်းသံဃနာယကအဖွဲ့ (ရွှေကျင်) ဘဒ္ဒန္တစန္ဒသီရိ၊ မှော်ဘီမြို့နယ် သံဃ နာယကအဖွဲ့ဥက္ကဋ္ဌ(ရွှေကျင်) ဆရာတော် ဘဒ္ဒန္တ မေဓာသာရနှင့် ဆရာတော် သံဃာတော်များ၊ သာမဏေများ၊ ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သာသနာဝင် စိစစ်ရေးကတ်ပြား ၁၇၅ ကတ်ကို ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်ဇေယျက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ဘဒ္ဒန္တဂုဏိသရထံ ဆက်ကပ်သည်။

ဆက်လက်၍ တိုင်းဦးစီးဌာနမှူး၊ ဒုတိယတိုင်းဦးစီးဌာနမှူး၊ မြောက်ပိုင်းခရိုင် ဦးစီးဌာနမှူးနှင့် ဧည့်ပရိသတ်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

**သဃ်န်းကျွန်းမြို့နယ် ရွှေအင်ကြင်းရိပ်မွန်နေ ဖခင်ကြီး ဦးတင်အုန်း (ပုလဲစာပေ) သုံးနှစ်မြောက်ရည်စူး၍ ဒေါ်ကြင်မြိုင်နှင့် သားသမီးတစ်စုတို့က ရန်ကင်း ပြည်သာယာ (တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်း၏ အလင်းဒါန မျက်မှန်အလှူအတွက် ငွေကျပ်ခြောက်သိန်း လှူဒါန်းရာ ရွှေပြည်ဟိန်း ဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။** (က-ပ)



**ကျေးဇူးရှင် မင်းကွန်းတိပိဋကရေ ဆရာတော်ကြီး ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ အမှူးထားပြီး ကျေးဇူးရှင်ဖခင်ကြီး ဦးဘိုးရွှေ-မိခင်ကြီးဒေါ်ချိတ်တို့ကို ရည်စူး၍ ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းနေ သားသမီးများ ဖြစ်ကြသော ဒေါ်ကျင်အေး၊ ဒေါ်သိန်းသိန်း၊ ဒေါ်ညွန့်ညွန့်၊ ဦးတင့်လွင်၊ ဒေါ်တင်ချို၊ မောင်မျိုးသန့်တင်တို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၀ သိန်း ကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချအနု မောဒနာ တရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန)သီဟသုမ္မဓမ္မဇောတိကဓဇ ဆင်မင်း ဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)







# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းများလေ့လာ

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့် တပ်မတော် ဆေးတက္ကသိုလ် နောက်ဆုံးနှစ်အပိုင်း(က)ဗိုလ်လောင်းများအား အသင်းဖွဲ့စည်းပုံနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (မိခင်/ကလေး)

ရန်ကုန် စက်တင်ဘာ ၁၇

**တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁) နောက်ဆုံးနှစ်အပိုင်း (က) ဗိုလ်လောင်း၁၀၁ဦးသည် တာဝန်ရှိသူများလိုက်ပါလျက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ယနေ့နံနက်ပိုင်းတွင် သွားရောက်လေ့လာကြသည်။**

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်းဖွဲ့စည်းပုံ အဆင့်ဆင့်နှင့် ပညာရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာစောင့်ရှောက်မှုလုပ်ငန်းများကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာဒေါ်မေမာလာက ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုလုပ်ငန်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက ဗိုလ်လောင်းများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားကြပြီး မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမအတွင်း ခင်းကျင်းပြသထားသည့် လှုပ်ရှားမှုဓာတ်ပုံများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းက ဖွင့်လှစ်ထားသည့် မိခင်မှကလေးသို့ HIVပိုး ကူးစက်မှုမှ ကာကွယ်တားဆီးခြင်းစီမံချက်ဌာန၊ ရောဂါရှာဖွေရေးဆေးခန်းနှင့် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန မူကြိုကျောင်းများသို့ သွားရောက်လေ့လာကြကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)





ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း မအူကုန်းလမ်းကျယ်နှင့် ဗညားဒလလမ်း ဝဲ၊ယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ဗညားဒလလမ်းဖြတ် မြေအောက်ရေနုတ်မြောင်း (Box Culvert) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

# ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၇

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ကော်မတီဝင် ဦးကျော်စိုး၊ ဦးညီညီနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေများနှင့် ဒေါပုံမြို့နယ်ရှိ ကတ္တရာကွန်ကရစ်ဖျော်စက်နှင့် ကျောက်ခွဲစက်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

ရှေးဦးစွာ မြို့တော်ဝန်သည် နံနက် ၇နာရီတွင် တာမွေမြို့နယ်ရှိ မအူကုန်းလမ်းကျယ်နှင့် ဗညားဒလလမ်းဆုံသို့ ရောက်ရှိပြီးအင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)ဌာနမှူး ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူတို့က မအူကုန်းလမ်းကျယ်နှင့် ဗညားဒလလမ်း ဝဲ၊ယာတို့ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန်အရှည်၈၅ပေ၊အကျယ်ခြောက်ပေနှင့် အနက်ငါးပေခွဲရှိ ဗညားဒလလမ်းဖြတ် မြေအောက်ရေနုတ်မြောင်း(Box Culvert)တည်ဆောက်နေမှု လုပ်ငန်းအခြေအနေကို လည်းကောင်း၊ သဃၤန်းကျွန်းမြို့နယ်ရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်အနီး သံသုမာလမ်း ဝဲ၊ယာနှင့် ဆက်စပ်လမ်းများရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန်အရှည်၈၄ပေ၊အကျယ်ခြောက်ပေနှင့် အနက်ခုနစ်ပေရှိ သံသုမာလမ်းဖြတ် မြေအောက်ရေနုတ်မြောင်း (Box Culvert) တည်ဆောက်မှု၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း လိုက်လံရှင်းလင်းပြသကြရာ မြို့တော်ဝန်က စံချိန်စံညွှန်းပြည့်မီစွာဖြင့် အမြန်ဆုံးပြီးစီးရန်လုပ်ဆောင်ရေးမှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်သည် ဒေါပုံမြို့နယ်ရှိ ကတ္တရာကွန်ကရစ်ဖျော်စက်နှင့် ကျောက်ခွဲစက်သို့ သွားရောက်ပြီး အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က တီထွင်ထုတ်လုပ်ထားသည့် ကျောက်ခွဲစက်သုံး Feederများ၊ လမ်းများ အဆင့်မြှင့်ရေးလုပ်ငန်းတွင် အသုံးပြုမည့် လိပ်သဲကျောက်များ ကြိတ်ခွဲထားရှိမှု၊ ကျောက်များ စုဆောင်းထားရှိမှုနှင့် လူသွားစင်္ကြံများအဆင့်မြှင့်ရာတွင်အသုံးပြုမည့် ကွန်ကရစ်ကျောက်ပြားများ ထုတ်လုပ်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ပွင့်လင်းရာသီရောက်ရှိတော့မည်ဖြစ်၍ လမ်းအဆင့်မြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လိုအပ်သည့်ကတ္တရာကွန်ကရစ်များကိုဟန်ချက်ညီစွာ ထုတ်လုပ်ပေးနိုင်ရေးအတွက် လိုအပ်သည့်ကုန်ကြမ်းများ ကြိုတင်စုဆောင်းထားကြရန်၊စက်ယန္တရားများကိုလည်းအစဉ်ကြံ့ခိုင်မှုရှိ၍စွမ်းအားပြည့်လည်ပတ်နိုင်ရန် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မြို့တော်ဝန်သည် ဒေါပုံမြို့နယ်နှင့် မင်္ဂလာတောင်ညွှန့်မြို့နယ်တို့ကိုဆက်သွယ်ထားသည့် ငမိုးရိပ်ချောင်းဖြတ် သံပေါင်တံတားသို့ ရောက်ရှိပြီးတံတားကြံ့ခိုင်မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ ရေရှည် တည်တံ့ခိုင်မြဲမှု ရှိစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၁၉)

## နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

**အနောက်တောင် မုတ်သုံလေသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများမှ ဆုတ်ခွာမည်။**

# (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

## ဦးတည်ချက်

**(၁) ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်အပေါ် အခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားစေရန်၊**

**(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊**

**(၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများရှင်သန် ထွန်းကား ပြန့်ပွားရန်၊**

**(၄) လူငယ်ထု၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှုကို တိုးတက်ဖြစ်ထွန်းစေရန်၊**

**(၅) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊**

## အင်တာနက် ကျန်းမာရေးသိပ္ပံသတင်း

# ရိုးဆက်ရောင်ရမ်းနာ ဝေဒနာ မျှော့သတ္တဝါဖြင့် ကုသပေးနိုင်

**ဘွန်း စက်တင်ဘာ ၁၆**

ရိုးဆက်ရောင်ရမ်းနာဝေဒနာခံစားနေရသူများအား ကုသပေးရာတွင် မျှော့သတ္တဝါကို အသုံးပြုကုသပေးနိုင်ကြောင်း ဂျာမန်သုတေသီများက ယနေ့ပြောကြားသည်။

ဂျာမန်သုတေသီများသည် ရိုးဆက်ရောင်ရမ်းနာကုထုံးသစ် ဖော်ထုတ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြသည်။ဂျာမန်သုတေသီများသည် ရိုးဆက်ရောင်ရမ်းနာခံစားနေရသူ အမျိုးသားနှင့် အမျိုးသမီး၁၆ဦးကိုကုသပေးရာတွင် မျှော့သတ္တဝါကို အသုံးပြုခဲ့သည်။ ရိုးဆက်ရောင်ရမ်းနာလူနာ၏ ဒူးခေါင်းအဆက်တစ်ဝိုက်တွင် မျှော့လေးကောင်ကို မိနစ် ၈၀ကြာမျှထားရှိခဲ့ကြောင်း၊ မျှော့များတွယ်ကပ်ခံရသူ လူနာမှာ မျှော့ကိုက်သည့်ဝေဒနာကိုအနည်းအကျဉ်းမျှသာခံစားရပြီး ၂၄နာရီအတွင်း ရိုးဆက်ရောင်ရမ်းနာခံစားရမှု သိသိသာသာသက်သာသည်ကိုတွေ့ရကြောင်း ဂျာမန်သုတေသီများ၏ ရေးသားချက်ကို ရူမတစ်ဇင်ရောဂါများဆိုင်ရာ သုတေသနဂျာနယ်တွင် ဖော်ပြထားသည်။

မျှော့သတ္တဝါ၏ တံတွေးတွင် ဆေးဘက်ဝင်အာနိသင်များပါဝင်ကြောင်း၊ နာကျင်ကိုက်ခဲမှုနှင့် ထုံကျင်မှုတို့ကို သက်သာပျောက်ကင်းစေနိုင်သော ဂုဏ်သတ္တိများကို မျှော့၏တံတွေးတွင်တွေ့ရကြောင်း သုတေသီများက ရေးသားသည်။ ***အင်တာနက်။***

**မျှော့သတ္တဝါ၏တံတွေးတွင် ဆေးဘက်ဝင်ဂုဏ်သတ္တိများ ပါဝင်သည်ကို သုတေသီများ လေ့လာတွေ့ရှိထားသည်။** (ဓာတ်ပုံ–အင်တာနက်)



# ဟော်ရီဇွန်လိဂ် ဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၇**

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် Horizon Int'l/Education Center တို့ ပူးပေါင်း ကျင်းပလျက်ရှိသည့် Horizon League ဘတ်စကက်ဘောပြိုင်ပွဲကို စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ကျိုက္ကဆံ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

အမျိုးသားပြိုင်ပွဲ၌ Project-x အသင်းက Rabbit Boy အသင်းကို (၄၇–၁၉) မှတ်၊ Blue Boy အသင်းက Shadows အသင်းကို (၅၅–၂၃)မှတ်၊ K.K.S အသင်းက The Gyuts အသင်း ကို(၆၂–၃၄)မှတ်၊ Last Vampire အသင်းက GB အသင်းကို (၅၆–၅၄) မှတ်တို့ဖြင့် အနိုင်ရရှိပြီး အမျိုးသမီးပြိုင်ပွဲတွင် Glory အသင်းက Precious အသင်းကို (၄၄–၃၉)မှတ်ဖြင့် အနိုင်ရရှိသွားကြသည်။

ပြိုင်ပွဲများကို စက်တင်ဘာ ၂၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)



**Horizon League ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲတွင် Glory အသင်းနှင့် Precious အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။** (ကြေးမုံ)

# အလှကုန်ပစ္စည်းသစ်များ မိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၇**

ရွှေပန်းတိုင် ထရေးဒင်းကုမ္ပဏီလီမိတက် HEALTHY SHOP (PARIS) အလှကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲနှင့် MEMBER အနုပညာရှင်များ မွေးနေ့ဂုဏ်ပြုပွဲအခမ်းအနားကို စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် အမှတ် (၁၉၉) အနော်ရထာလမ်း လမ်းမတော်မြို့နယ်ရှိ ကုမ္ပဏီရုံးချုပ်ခန်းမ၌ ကျင်းပရာ ကုမ္ပဏီမှ တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် MEMBER များ တက်ရောက်ကြသည်။

ရှေးဦးစွာ MEMBER အနုပညာရှင်များဖြစ်ကြသော ဗီဒီယိုနှင့် ကြော်ငြာသရုပ်ဆောင် အဆိုတော် နန်းဆုရတီစိုးနှင့် အဆိုတော် ရှင်ဖုန်းတို့၏ မွေးနေ့အခမ်းအနားကို ကျင်းပသည်။ ထို့နောက် ကုမ္ပဏီမှ အသစ်တင်သွင်းရောင်းချနေသည့် ပြင်သစ်နိုင်ငံထုတ် ရနံ့ကုထုံးနည်းဖြင့် ဖော်စပ်ထားသော ခါးနာ၊ ဒူးနာ၊ အကြောတင်၊ အကြောတက်လိမ်းဆေး SPA RELAXING NATURAL BODY MASSAGE CREAM အကြောင်းနှင့် ခေါင်းမူး၊ ခေါင်းကိုက်၊ နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ စိတ်ဖိစီးမှုများကို ပျောက်ကင်းနိုင်ပြီး AROMA THERAPHY ရနံ့ကုထုံးဆေးဝါး အလှကုန်ပစ္စည်းများ အကြောင်းနှင့် အသစ်ထပ်မံတင်သွင်းမည့် PLATINUM SERIE မှ SKIN CARE ပစ္စည်းသစ်များဖြစ်သည့် DAY CREAM, NIGHT CREAM, EY CREAM များ အကြောင်းကို တာဝန်ရှိသူများက အသေးစိတ် ရှင်းလင်းတင်ပြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ HEALTHY SHOP (PARIS) မှ တင်သွင်းသော ဆေးဝါးအလှကုန်ပစ္စည်းများနှင့် ပတ်သက်၍ အသေးစိတ် သိလိုသည်များကို အထက်ပါ ကုမ္ပဏီရုံးချုပ် လိပ်စာ၌ စုံစမ်းနိုင်ကြသည်။ (သတင်းစဉ်)

**ရွှေပန်းတိုင်ထရေးဒင်း ကုမ္ပဏီလီမိတက် HEALTHY SHOP (PARIS) အလှကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲနှင့် MEMBER အနုပညာရှင်များ မွေးနေ့ဂုဏ်ပြုပွဲ အခမ်းအနားကို ကျင်းပစဉ်။** (သတင်းစဉ်)





# ရောဝတီနှင့် ဒုဋ္ဌဝတီမြစ်ရေ အခြေအနေ

**ရန်ကုန် စက်တင်ဘာ ၁၇**

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ မင်းဘူးမြို့နှင့် မကွေးမြို့တို့၌ စင်တီမီတာ ၁၆၇၀ နှင့် ၁၆၅၆ စင်တီမီတာသို့ အသီးသီး ရောက်ရှိနေကြသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း မင်းဘူးမြို့နှင့် မကွေးမြို့တို့၏ စိုးရိမ်ရေအမှတ် စင်တီမီတာ ၁၇၀၀ သို့ ရောက်နိုင်ဖွယ်ရာရှိသည်။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၈–၉–၂၀၀၇ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈:၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၂။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄:၁၅ | ၄။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄:၃၅ | ၅။ | မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ် |
| ၄:၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅:၀၀ | ၇။ | ပညာခေတ် |
| ၅:၄၀ | ၈။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |
| ၆:၂၅ | ၁၂။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၆:၄၀ | ၁၃။ | ဝတ်စားဆင်ယင်လှစေချင် |
| ၇:၀၀ | ၁၄။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –မြင်မြင်ချင်းပဲကွယ် (အပိုင်း–၃၄)** |
| ၈:၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | မိုးလေဝသသတင်း |
| | ၁၇။ | အမျိုးသားရေးတေးကဗျာ |
| | ၁၈။ | မွေးမြူသုတ |
| | ၁၉။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –ဒဏ်ရာများနှင့်နှလုံးသား (အပိုင်း–၁)** |
| | ၂၁။ | သင့်အတွက်မနက်ဖြန် |
| | ၂၂။ | အပိတ်နှုတ်ဆက်စကား |
| | ၂၃။ | ပြီးပါပြီ။ |

## အင်တာနက် အားကစား သတင်းများ

# ကမ္ဘာ့အကောင်းဆုံးဘောလုံးသမား ၁၀၀ ဖိုးဖိုးတူးမဂ္ဂဇင်း ရွေးချယ်

**လန်ဒန် စက်တင်ဘာ ၁၇**

ဘောလုံးအားကစားဆိုင်ရာ ထိပ်တန်းမဂ္ဂဇင်း ဖြစ်သော ဖိုးဖိုးတူးမဂ္ဂဇင်းသည် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား ၁၀၀ ၏ အမည်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာလိုက်သည်။

**ရေးသားဖော်ပြ**

လီဗာပူးအသင်းမှ စတီဗင်ဂျရတ်နှင့် မန်ချက်စတာယူနိုက်တက်အသင်းမှ ဝိန်းရူနီတို့၏ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားစာရင်းတွင် ထိပ်တန်း ၁၀ ဦး၌ ပါဝင်သော်လည်း ထိပ်တန်း ငါးဦးမှာ အင်္ဂလန်ကို ကိုယ်စားပြုသည့် ဘောလုံးသမားများမဟုတ်ဘဲ ပြည်ပနိုင်ငံများမှ ဘောလုံးသမားများဖြစ်ကြောင်း အဆိုပါမဂ္ဂဇင်းက ရေးသားဖော်ပြသည်။




**ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား ၁၀၀ ကို ရွေးချယ်ပေးထားသော ဖိုးဖိုးတူးမဂ္ဂဇင်း မျက်နှာဖုံး။**
*(ဓာတ်ပုံ–အင်တာနက်)*




**ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားစာရင်းတွင် ထိပ်တန်း ဆယ်ဦး၌ ပါဝင်သည့် ဝိန်းရူနီ(ယာ)။**
*(ဓာတ်ပုံ–အင်တာနက်)*

ဗြိတိန်နိုင်ငံ၌ ထုတ်ဝေသော ဖိုးဖိုးတူးမဂ္ဂဇင်းက ရွေးချယ်ထားသော ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား ဆယ်ဦးမှာ အောက်ပါအတိုင်းဖြစ်သည်–

၁။ ကာကာ (အေစီမီလန်)
၂။ စီရော်နယ်လ်ဒို (မန်ချက်စတာယူနိုက်တက်)
၃။ ရော်နယ်လ်ဒင်ဟို (ဘာစီလိုနာ)
၄။ သီယာရီဟင်နရီ (ဘာစီလိုနာ)
၅။ လီယိုနယ်လ်မက်ဆီ (ဘာစီလိုနာ)
၆။ စတီဗင်ဂျရတ် (လီဗာပူး)
၇။ ဆမ်မြူရယ်လ်အီတိုး (ဘာစီလိုနာ)
၈။ ဝိန်းရူနီ (မန်ချက်စတာယူနိုက်တက်)
၉။ ဂီယန်လွီဂီဘတ်ဖွန် (ဂျူဗင်းတပ်စ်)
၁၀။ ဖာဘီယိုကင်နာဗာရိုး (ရီးယဲလ်မဒရစ်)

**အင်တာနက်။**

# ကမ္ဘာ့ဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲ အသင်းများ၏ ရပ်တည်မှုအခြေအနေ

**ဟန်ကျိုး စက်တင်ဘာ ၁၇**

တရုတ်နိုင်ငံတွင် ကျင်းပလျက်ရှိသော ကမ္ဘာ့ဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲ၌ ပါဝင်သည့် အသင်းများ၏ ရပ်တည်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်–

**အုပ်စု (က)**

| အသင်း | ရမှတ် |
|---|---|
| ဂျာမနီ | ၄ |
| ဂျပန် | ၄ |
| အင်္ဂလန် | ၂ |
| အာဂျင်တီးနား | ၀ |

**အုပ်စု (ခ)**

| အသင်း | ရမှတ် |
|---|---|
| ကိုရီးယားဒီပီအာ | ၄ |
| အမေရိကန် | ၄ |
| နိုင်ဂျီးရီးယား | ၁ |
| ဆွီဒင် | ၁ |

**အုပ်စု (ဂ)**

| အသင်း | ရမှတ် |
|---|---|
| သြစတြေးလျ | ၄ |
| နော်ဝေ | ၄ |
| ကနေဒါ | ၃ |
| ဂါနာ | ၀ |

**အုပ်စု(ဃ)**

| အသင်း | ရမှတ် |
|---|---|
| ဘရာဇီး | ၆ |
| ဒိန်းမတ် | ၃ |
| တရုတ် | ၃ |
| နယူးဇီလန် | ၀ |

**အင်တာနက်။**



**စက်တင်ဘာ ၁၅ ရက်က တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ ကျင်းပသော ကမ္ဘာ့ဖလားအမျိုးသမီး ဘောလုံးပြိုင်ပွဲ၌ နော်ဝေအသင်းဘက်သို့ ဂိုးသွင်းသူ သြစတြေးလျအသင်းမှ လီဆာဒီဗန်နာ အောင်ပွဲခံနေစဉ်။**
*(ဓာတ်ပုံ–အင်တာနက်)*

# ကွာတားအဆင့်သို့ တက်လှမ်းရန် သြစတြေးလျအသင်းမျှော်မှန်း

**ဟန်ကျိုး စက်တင်ဘာ ၁၇**

တရုတ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် ကမ္ဘာ့ဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်သို့ ပထမဆုံးအကြိမ် တက်ရောက်ရန် သြစတြေးလျ အမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်း မျှော်မှန်းထားကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

**အင်တာနက်။**



**မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် ၂-လမ်း ရတနာမဉ္ဇူ မဲ့ရိပ်သာတွင် စိတ္တဝိဝေက လေးထပ်ကျောင်းတော်ကြီး တည်ဆောက်ရန် အတွက် ဒိုင်းမွန်းအချိုရည်စက်ရုံ ဝါးတန်းလမ်းနေ ဦးခင်မောင်မြင့်-ဒေါ်ဝင်းကြည်(သမီး) မအိဇာမြင့် မိသားစုက အလှူငွေကျပ် ၁၀သိန်းလှူဒါန်းရာ ရတနာမဉ္ဇူမဲ့ရိပ်သာ ဦးစီးပဓာနနာယကဆရာတော် ကမ္မဋ္ဌာနာစရိယ အရှင် ဇေယျာနန္ဒ(ပုဂံ)က ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။** (က-ပ)

# မော်လမြိုင်မြို့ ကျိုက်သလွံစေတီတော် ဘက်စုံပြုပြင်တည်ဆောက်ရေး လှူဒါန်းနိုင်

**ရန်ကုန် စက်တင်ဘာ ၁၇**

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်သလွံစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။ ပြုပြင်တည်ဆောက်မှုလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် လှူဒါန်းလိုသူများသည် မော်လမြိုင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဘက်စုံပြုပြင်တည်ဆောက်မှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမောင်မောင် ဖုန်း-၀၅၇-၂၄၈၇၈၊ စေတီတော်မြတ်ကြီး အလှူခံဌာန ဖုန်း-၀၅၇-၂၁၃၃၄၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၅၇-၂၃၀၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)



**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာ တိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ဗိုလ်မှူးကြီးအုန်းမြင့်-ဇနီး ဒေါ်ဝင်းဝင်းဆွေ မိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယကဆရာတော် မိုးညှင်းအရှင်ဣန္ဒက ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

# ခြင်အန္တရာယ်ကာကွယ်ရေး ခြင်ထောင်ဆေးစိမ် သရုပ်ပြ

**ရန်ကုန် စက်တင်ဘာ ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ် ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ချယ်ရီသည် ဩဂုတ် ၃၀ ရက်က လားရှိုးမြို့ရပ်ကွက် ၁၊ နယ်မြေ ၇ ဓမ္မာရုံတွင် ပြုလုပ်သော ခြင်အန္တရာယ်ကာကွယ်ရေး ခြင်ထောင်ဆေးစိမ်သရုပ်ပြသပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

## လိုက်လံကြည့်ရှု

ယင်းသရုပ်ပြသပွဲသို့ပြည်နယ်၊ ခရိုင်၊မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်သူများစုစုပေါင်း အင်အား ၃၀၀ တက်ရောက်ကြသည်။ ယင်းသရုပ်ပြသပွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကဒေါ်ချယ်ရီက ခြင်ထောင်ဆေးစိမ် သရုပ်ပြသမှုကို ကြည့်ရှုအားပေးပြီး**(အောက်ပုံ)** တက်ရောက်လာသူများအား ခြင်ထောင်ဆေးစိမ်ဆေးပြားများနှင့် ပိုးလောက်လမ်းစာငါးများဝေငှပေးသည်။ ဆက်လက်၍ လားရှိုးမြို့ပေါ်ရှိ ရပ်ကွက်များသို့ ခြင်ဆေးဖျန်းမှုကို လိုက်လံကြည့်ရှုအားပေးသည်။ မွန်းလွဲပိုင်းတွင် လားရှိုးမြို့ အထက(၁)၊ အထက(၅)၊ အထက(၆)၊ အထက(၇) ကျောင်းများသို့သွားရောက်၍ ကျောင်းသန့်ရှင်းရေး ဆောင်ရွက်မှုနှင့် ခြင်ဆေးဖျန်းခြင်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**သံဖြူဇရပ်မြို့နယ် ဆန်လှူအသင်းက ကြီးမှူး၍ ပထမပြန်စာမေးပွဲတွင် အောင်မြင်တော်မူခဲ့သည့် သံဃာတော် ၉၄ပါးတို့အား ထပ်ဆင့် ဂုဏ်ပြုပူဇော်ပွဲ၊ အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၁၅ ရက်က မဟာရင် ကျောင်း၌ကျင်းပရာ နှစ်ကိုင်းကျေးရွာ ဆန်လှူအသင်းထောက်ခွဲဥက္ကဋ္ဌ ဦးတင်ငွေနှင့်အဖွဲ့က လှူဒါန်းငွေကျပ် ၁၀၁၅၀၀ကို အသင်းဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ဦး (မြို့နယ် ပညာရေးမှူး-ငြိမ်း)က လက်ခံယူစဉ်။** (က-ပ)

# တွံတေးအရှင်ဣန္ဒက၏ ဓမ္မပွဲစဉ်များ

**ရန်ကုန် စက်တင်ဘာ ၁၇**

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (မြောက်ပိုင်း) ၅၁ ရပ်ကွက် မြဝတီမင်းကြီး ၁လမ်း သိရီမင်္ဂလာ မဟာစည်ရိပ်သာကျောင်းတိုက်ဆရာတော် တွံတေးအရှင်ဣန္ဒက (ဓမ္မကထိက ဗဟုဇနဟိတဓရ) အရှင်သူမြတ်သည် ၁၃၆၉ခုတော်သလင်းလဆန်း ၈ရက်(စက်တင်ဘာ ၁၉ ရက်) တွင် နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ ဘောက်ထော်၌ မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ ယင်းနေ့ညနေ ၃ နာရီ၌ သိရီမင်္ဂလာ မဟာစည်ရိပ်သာ ဒဂုံမြို့သစ်(မြောက်ပိုင်း)တွင်လည်းကောင်း၊ စက်တင်ဘာ၂၁ရက်တွင် ရန်မျိုးအောင် မဟာစည်ရိပ်သာ ပြည်ထောင်စုရွာကဝမြို့နယ်၌လည်းကောင်း စက်တင်ဘာ ၂၆ ရက် တော်သလင်းလပြည့်နေ့ မွန်းလွဲ ၁ နာရီတွင် ပစ္ဆိမာရုံ မြိတ်ကျောင်း ၁၅ ရပ်ကွက် မဂ္ဂင်ဓမ္မာရုံ တောင်ဥက္ကလာပတွင်လည်းကောင်း၊ ယင်းနေ့ ညနေ ၃ နာရီ၌ သိရီမင်္ဂလာ မဟာစည်ရိပ်သာ ဒဂုံမြို့သစ်(မြောက်ပိုင်း) ဓမ္မသဘင်တွင်လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။(က-ပ)

# မာမီးခေါက်ဆွဲ ကံစမ်းမဲဖွင့်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၇**

မြန်မာ မာမီးဒါဘယ်ဒက်ကာ လီမိတက်နှင့် အေးရှားလိုက် ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကျင်းပသော မာမီးခေါက်ဆွဲ စားသုံးသူများအတွက် ၂၀၀၇ခုနှစ် ဩဂုတ်လ ပထမအကြိမ် ကံစမ်းမဲဖွင့်ပွဲကို ယမန်နေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ မာမီးဒါဘယ်ဒက်ကာလီမိတက် အထွေထွေမန်နေဂျာ Mr.Davidနှင့် အေးရှားလိုက် ကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးစိုးမြင့်တို့က အမှာစကား အသီးသီးပြောကြားကြသည်။

ထို့နောက် အခမ်းအနားမှူး ဒေါ်သီလ္လာစိုးက မာမီးခေါက်ဆွဲ ကံစမ်းမဲအကြောင်း သိကောင်းစရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့အတွက် တာဝန်ရှိသူများက မဟာကံထူးရှင်များကို ရွေးချယ်ပေးကြရာ ပထမဆု ရန်ကုန်တိုင်းမှ ဒေါ်ကျင်မြိုင်၊ ဒုတိယဆု ရန်ကုန်တိုင်းမှဦးအောင်စိုးမင်း၊ တတိယဆု ရန်ကုန်တိုင်းမှ ဦးသန်းတင့်၊ စတုတ္ထဆုရန်ကုန်တိုင်းမှ မသန်းသန်းအေးနှင့် ပဉ္စမဆုကို ရန်ကုန်တိုင်းမှ မယုနန္ဒာအောင်တို့က အသီးသီး ရရှိကြသည်။

မာမီးခေါက်ဆွဲ စားသုံးသူများအတွက် ကံစမ်းမဲအစီအစဉ်ကို ၂၀၀၇ ခုနှစ် ဩဂုတ် ၁ ရက်မှ အောက်တိုဘာ ၃၁ရက်အထိဖြစ်ပြီး လစဉ်လတိုင်း ဆုကြီး ငါးဆုကို ကံစမ်းမဲပေးသွားမည်ဖြစ်သည်။

မာမီးခေါက်ဆွဲ ငါးထုပ်ဝယ်ယူသူတိုင်း အဆိုပါဆိုင်မှ ကူပွန်တစ်စောင်တောင်းယူပြီး ကံစမ်းမဲအစီအစဉ်တွင် ပါဝင်နိုင်သည်။ ပထမအကြိမ် ရွေးချယ်ခြင်းမခံရသူများသည် နောက်ရွေးချယ်မည့်အကြိမ်တိုင်းတွင် အလိုအလျောက်ပါဝင်ခွင့် ရရှိမည်ဖြစ်သည်။ နောက်ဆုံးအထူးကံစမ်းမဲ ဆုတစ်ဆုကို နိုဝင်ဘာလတွင် ကျင်းပပြီး ထပ်မံရွေးချယ်သွားမည်ဖြစ်သည်။

ကံစမ်းမဲ ပေးပို့ရန် လိပ်စာမှာ အမြို့မြို့အနယ်နယ်ရှိ အေးရှားလိုက်ရုံးခွဲများ၊ မာမီးကံစမ်းမဲပုံးရှိသည့် နီးစပ်ရာဆိုင်များ၊ မာမီးလက်ကားရောင်းချသောဆိုင်များနှင့် ရန်ကုန်စာတိုက်ကြီးရှိ စာတိုက်သေတ္တာ အမှတ်(၉၂၈) တို့သို့ ပေးပို့နိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)



**မြန်မာ မာမီးဒါဘယ်ဒက်ကာ လီမိတက်နှင့် အေးရှားလိုက် ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကျင်းပသော မာမီးခေါက်ဆွဲစားသုံးသူများအတွက် ၂၀၀၇ခုနှစ် ဩဂုတ်လ ပထမအကြိမ် ကံစမ်းမဲဖွင့်ပွဲကို ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပစဉ်။**(သတင်းစဉ်)






**အမက(၂၄)သာကေတ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၉ရက်က ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်သန်းက ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မဇင်မာဖြိုးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။**

(၃၁၈)

**မူးယစ်ကိုပစ် ပန်းတိုင်သစ်၊ စိတ်သစ်လူသစ် ဘဝသစ်**

Myanmar Voice

၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ၊ ၂၀ ရက်၊ ကြာသပတေး၊ အတွဲ(၁)၊ အမှတ် (၁၁)

■ ကိုယ်ပိုင်စီးပွားရေးအောင်အောင်မြင်မြင်စီမံခန့်ခွဲနေတဲ့ အမျိုးသမီးငယ်တချို့၊ ■ ကမ္ဘာ့ဦးရည်းစားအာဒံနှင့်ဧဝစုံတွဲတီရှပ် ရန်ကုန်မှာလူ ကြိုက်များရတဲ့အကြောင်း ■ ဖန်ပြွန်သန္ဓေသားရဲ့ အနာဂတ်ကံကြမ္မာကို ဘယ်လိုတွက်ချက် အဖြေရှာမလဲ၊ ■ နယ်က အဝယ်လိုက်တဲ့ ပြည်တွင်းချုပ်ရုပ်အင်္ကျီနှစ်မျိုး ■ ကုလသမဂ္ဂရဲ့ အထူးကိုယ်စားလှယ်ခန့်အပ်ခံရတဲ့ ကိုရီးယားစတား ဝန်ဘင်း ■ ကမ္ဘာ့အကြီးဆုံး Air Bus ဂျက်လေယာဉ်ကို ကိုယ်ပိုင်ဝယ်သုံးသူ အေဗရာဗိုဗစ်ချ် ■ ပါမီလာအန်ဒါဆင်ရဲ့ ခင်ပွန်းဟောင်းနှစ်ဦး ထိုးကြိတ်သတ်ပုတ်တဲ့ပွဲ ■ ကားမောင်းနေတုန်း သမ်းဝေရင် ဒဏ်ရိုက်တဲ့မြို့၊ ■ အသက် (ဂ) နှစ်အောက်ကလေးတွေ မိုဘိုင်းလ်ဖုန်းသုံးခွင့် ပြုသင့် မပြုသင့် ■ ရန်ကုန်မြို့မှာမှတ်ပုံတင်ထားတဲ့ ခွေးအရေအတွက်၊ ■ ဘောလီဝုဒ်ရဲ့ အလှဆုံးမင်းသမီးဆယ်ဦး ■ ဂျက်လီနဲ့ မီရှဲလ်ယိုး အတွဲထူးမယ့် ဇာတ်ကားသစ်၊ ■ ၂၁ ရာစုအတွက် သီးသန့်ထုတ်လိုက်တဲ့ ကမ္ဘာကျော် ရိုးစ်ရှိုက်ကားမော်ဒယ်သစ်၊ ■ ဒီတစ်ပတ်အတွင်းအကောင်းဆုံး ဇာတ်ကားသုံးကား ■ ကင်ဟာနူး(ကျီးကျင့်) ပါတဲ့ Drama ဇာတ်ကားသစ်၊ ■ ဒီအပတ်ထဲမှာ ထူးခြားမယ့် ကံကြမ္မာတွေရဲ့အကြောင်း ■ လူသားတွေအသက်တစ်ထောင်ရှည်တော့မလား ■ စျေးကြီးတဲ့ ပဋိဇီဝဆေးကို ဆရာဝန်တွေလိုတာထက် ပိုညွှန်းနေကြသလား ■ မြန်မာနိုင်ငံရဲ့ပထမဦးဆုံးသန္ဓေသားပညာရှင်တစ်ဦးဖြစ်သူ ဒေါက်တာမေသူမျိုးညွှန့်ရဲ့ ဘဝနဲ့ ခံယူချက်၊■ မယ်စကြဝဠာဘွဲ့ရ အိန္ဒိယဘောလီဝုဒ်မင်းသမီး အက်ရှဝါယာရိုင်းနဲ့ပြောခဲ့ဆိုခဲ့သမျှ ■ ခရီးဆောင်အိတ်ဂျစ်တယ်ပစ္စည်းတိုင်းကို အားသွင်းနိုင်တဲ့ Charger၊ ■ Bluetooth နားကြပ်နဲ့ နောက်ဆုံးပေါ် နိုကီယာဖုန်း ■ ဓာတ်ခဲတစ်လုံး ၈၅ နာရီအသုံးခံတဲ့ MP3

ထွက်ပြီ

# သံထည်များထုတ်လုပ်ရန် မော်ဘီမြို့နယ် မြောင်းတကာတွင် သံမဏိစက်မှုဇုန် တည်ဆောက် ဤစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်တွင်းလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်မည် လုပ်ငန်းရှင်များ ပိုမိုဆောလျင်စွာ အပြည့်အဝရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၇

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မော်ဘီမြို့နယ် မြောင်းတကာကျေးရွာအနီးရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသည့် မြောင်းတကာသံမဏိ စက်မှုဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကလိုအပ်သော သံချောင်းများထုတ်လုပ်ပေးနိုင်မည့်မြောင်းတကာ သံမဏိစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကိုမှာကြားကာ တာဝန်ရှိသူအဆင့်ဆင့်၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှထွေးဝင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့ နံနက် ၇ နာရီတွင် ရန်ကုန်တိုင်း မော်ဘီမြို့နယ် မြောင်းတကာ သံမဏိစက်မှုဇုန်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များအား စက်မှုဇုန်စီမံခန့်ခွဲရေးရုံး ရှင်းလင်းဆောင်ဌ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆





**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း မော်ဘီမြို့နယ် မြောင်းတကာ သံမဏိစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများအား အမှာစကား ပြောကြားစဉ်။**
(သတင်းစဉ်)

# အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ ဆန်ထုတ်လုပ်မှုသည် ကမ္ဘာ့စုစုပေါင်းထုတ်လုပ်မှု၏ ၁၃ရာခိုင်နှုန်းရှိ ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးတည်ငြိမ်ရေးသည် စပါးစိုက်တောင်သူများ ဝင်ငွေတိုးတက်ရေးအတွက်များစွာ အရေးပါ

နေပြည်တော် စက်တင်ဘာ ၁၇

**ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအဖွဲ့** (Ayeyawady-Chaophraya-Mekong Economic Co-operation Strategies- ACMECS) **လယ်ယာစိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ တတိယအကြိမ်အစည်းအဝေး** (The Third Meeting of the Sectoral Working Group on Agricultural Co-operation Under ACMECS) **ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

**တက်ရောက်**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် လယ်ယာ စိုက်ပျိုးရေးနှင့်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✧





**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအဖွဲ့၊ လယ်ယာ စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ တတိယအကြိမ် အစည်းအဝေးဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။**
(သတင်းစဉ်)